# သမဂ္ဂ စိတ်ဓာတ်

လေ့လာရေးစာစောင် အမှတ် (၁)




သမဂ္ဂစာစဉ်၊ အတွဲ(၄)၊ အမှတ် (၁)၊ ၂၀၀၉

# ဖတ်စရာ

ကိုအောင်ဆန်း ပြောကြားခဲ့သော
အဖွင့်မိန့်ခွန်းမှ ... (စာမျက်နှာ – ၄ သို့)

မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ဆိုတာ –
မြင့်ဇော် (စာမျက်နှာ – ၅ သို့)

ကျောင်းသားနှင့် မြန်မာ့နိုင်ငံရေး
(စာမျက်နှာ – ၈ သို့)

သွေးသစ္စာဥဒါန်း–
ကျော်ကိုကို(စာမျက်နှာ – ၁၉ သို့)

အတွေးပုံရိပ်များနှင့် ဒီမိုကရစီရှာပုံတော်
တကသခေါင်းဆောင်ဟောင်းတစ်ဦး (စာမျက်နှာ –၂၂ သို့)

အရိပ်မည်းဆိုတာ တစ္ဆေတစ်ကောင်ထက် ...
လွမ်းဝဿန် (စာမျက်နှာ – ၃၄ သို့)

မြေအောက်အစည်းအရုံး ...
(စာမျက်နှာ – ၃၈ သို့)

ကွန်ယက် (**Network**) နှင့် ...
(စာမျက်နှာ – ၄၁ သို့)

ဗကသများအဖွဲ့ချုပ်ညီလာခံနှင့်
ဗကသများအဖွဲ့ချုပ်သီချင်း...
(စာမျက်နှာ – ၄၇–၄၈ သို့)

# အယ်ဒီတာ့စကား

နိုင်ငံရှိလျှင် သမိုင်းရှိသည်။

ဗမာပြည်သမိုင်းကိုပြောလျှင် ကျောင်းသားလှုပ်ရှားမှုသမိုင်းကို ထည့်မပြော၍ မရ။ ကျောင်းသားလှုပ်ရှားမှုသမိုင်းသည် ဗမာ့နိုင်ငံရေးသမိုင်း၏ အရေးကြီး အစိတ်အပိုင်းတခု ဖြစ်သည်ဟုပင် ဆိုကြသည်။

*ကျောင်းသားရှိလျှင် ကျောင်းသားသမဂ္ဂရှိရမည်။*

ကျောင်းသားလှုပ်ရှားမှုသမိုင်းဟုဆိုလျှင် ကျောင်းသားသမဂ္ဂများ၏ အခန်းကဏ္ဍ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ အခန်းကဏ္ဍကို ပြောကြရတော့မည်။

ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှု အကြောင်းကို ပိုသိလာလျှင် ကျောင်းသားသမဂ္ဂစိတ်ဓာတ် ပိုခိုင်မာလာမည်၊ ကျောင်းသားထုအခွင့်အရေးအတွက် ပိုမိုကာကွယ်လာမည်၊ ကျောင်းသားထုအကျိုးနှင့် ဆက်စပ်နေသော ပြည်သူလူထုအကျိုးကို ဦးထိပ်ထားလာမည်။

မလေ့လာလျှင် မသိနိုင်။

ကျောင်းသားထုအကျိုး၊ ပြည်သူလူထုအကျိုးကို ဦးထိပ်ထား၍ သမဂ္ဂစိတ်ဓာတ် လေ့လာရေးစာစောင်ကို ထုတ်ဝေဖြစ်သည်။ ။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
တတိယအကြိမ် ပုသိမ်ကွန်ဖရင့်တွင်
ဥက္ကဌ ကိုအောင်ဆန်း ပြောကြားခဲ့သော
အဖွင့်မိန့်ခွန်းမှ ကောက်နှုတ်ချက်

". . . အတိုချုံးရလျှင် ငါတို့ပညာရေးကား အမြစ်ကစ၍ လှန်လှောပြီး ပြုပြင်ယူရမည် ဖြစ်၏။ သို့ရာတွင် ဤသို့ပြုလုပ်နိုင်မည်မှာ ငါတို့အားလုံး လွတ်လပ်၍ သခင်ဘဝရောက်မှ ဖြစ်တော့မည်။ ထို့ကြောင့် ယနေ့လာရောက် တွေ့ဆုံနီးနှောကြသော မိတ်ဆွေအပေါင်းတို့ သင်တို့ ငါတို့သည် ထိုသို့သော သခင်ပညာရနိုင်သည့် သခင်ဘဝကို ရောက်အောင် ကြိုးစားရမည်။ နောင် ဗမာပြည်ကြီး၏ လူကြီးများဖြစ်အံ့သော ငါတို့မှာ ယခု လက်တလောခြင်း အလုပ် (၂) မျိုးရှိ၏။ ထိုအလုပ် (၂) မျိုးတွင် တမျိုးကား လွတ်လပ်ရေးတိုက်ပွဲ (တိုက်ပွဲဆို၍လည်း ရှေးကကဲ့သို့ အကြမ်းအဓမ္မတိုက်ပွဲမျိုးမဟုတ်၊ အရမ်းမထင်ကြနှင့်) အတွက် ငါတို့ စိတ်ဓါတ်ကိုသော်လည်းကောင်း၊ ကိုယ်အားကိုသော်လည်း ကောင်း ပြုပြင်စီမံထားရမည်။ အခြားတမျိုးကား ငါတို့လွတ်လပ်ရေး ပန်းတိုင်သို့ သွားနေစဉ် ထမ်းရသော ကျွန်ပညာ၏ ဝန်ထုပ်ကို ပေါ့ သည်ထက်ပေါ့အောင် ပြုပြင်ရန် ဖြစ်ပေသည်။ ထိုဝန်ထုပ်ပေါ့ရန်အတွက် ရံဖန် ရံခါ ငါတို့တက္ကသိုလ် အက်ဥပဒေပြင်ဆင်ရန် အစရှိသဖြင့် အော်ရ၏။ ရံဖန်ရံခါ သပိတ်မှောက်ကြရ၏။ ရံဖန်ရံခါ ယခုကဲ့သို့ နီးနှောကြရ၏။ . . ."

# မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ဆိုတာ

## မြင့်ဇော်

ကျောင်းသားများအား လူ့အဖွဲ့အစည်းတခု ပညာတတ် အဝန်းအဝိုင်းတစ်ခုအဖြစ် လူ့အသိုင်းအဝိုင်းမှ မှတ်ယူလေ့ရှိပြီး၊ ကျောင်းသားများရဲ့ လိုလားခံစားချက်များသည် ပြည်သူလူထု လိုလားချက်များကို ကိုယ်စားပြုစေသည်ဟု ယူဆလေ့ရှိသည်။ တချိန်ထဲမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျောင်းသားများအား ၊ သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ခေတ်မီရေး လူမှုတော်လှန်ရေးများဆီသို့ မောင်းနှင်သော အင်အားစုအဖြစ် ရှုမြင်ခံရလေ့ရှိသည်။ ပညာရှင်တချို့က ဖွံ့ဖြိုးဆဲနိုင်ငံများမှ တက္ကသိုလ်ကျောင်းသားများသာမက၊ အထက်တန်းကျောင်းသားများသည်ပင် နိုင်ငံတော်များ ခေတ်မီရေး၊ လူမှုစီးပွား တိုးတက်ရေးနှင့် နိုင်ငံရေးအရ နိုးကြားတက်ကြွသော အုပ်စုတခုဖြစ်သည်ဟုရှုမြင်သည်။

> “. . . ကျောင်းသားများသည် လွတ်လပ်ရေးလှုပ်ရှားမှုများတွင် အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်ခဲ့ပြီး၊ မြန်မာ့မျိုးချစ်နိုင်ငံရေးသမားများသည်လည်း ရန်ကုန်တက္ကသိုလ်မှ စတင်ပေါက်ဖွားခဲ့ကြသည်။”

သူတို့၏ အမျိုးသားရေး တာဝန်များအတွက် အမြဲတမ်းထက်သန်နေပြီးဘယ်သောအခါမှ စွန့်လွှတ်ရိုးထုံးစံမရှိကြဟု မှတ်ချက်ပြုကြသည်။ မြန်မာကျောင်းသား

များသည်လွတ်လပ်ရေး လှုပ်ရှားမှုများတွင် အရေးပါသော အခန်း ကဏ္ဍများမှပါဝင်ခဲ့ပြီး၊ မြန်မာ့မျိုးချစ်နိုင်ငံရေးသမားများ သည် လည်း ရန်ကုန်တက္ကသိုလ်မှ စတင် ပေါက်ဖွားခဲ့ကြသည်။ သို့အတွက်ကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကျောင်းသားများသည် ရာဇဝင်အရ၊ နိုင်ငံရေးအရနိုးကြားမှုရှိပြီး လူထု၏ ရိုသေကိုးစားမှုကို ခံရသည်။ အစဉ်အလာအားဖြင့် ကျောင်းသား တဦးအား အာဏာပိုင်များမှမတရား နှိပ်စက်သတ်ဖြတ်ခံရပါက ထိုဖြစ်ရပ်များသည် လူမှုတော်လှန်ရေး လှုပ်ရှား မှုများဆီသို့ အများအားဖြင့် အသွင်ပြောင်းသွားတတ်သည်။ ၁၉၈၈ မတ်လ (၁၃) ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်(ပဋ္ဌမနှစ် ဓာတုအင်ဂျင်နီယာ) ကျောင်းသား ကိုဖုန်းမော်သည် လုံထိန်းများ၏ လက် ချက်ဖြင့် သေနတ်ဒဏ်ရာဖြင့် ပွဲခြင်းပြီး သေဆုံးခဲ့သည်။ ၎င်းဖြစ်ရပ်က သမိုင်းဝင် (၁၉၈၈) ဒီမိုကရေစီအရေးတော်ပုံကြီးဖြစ်ပေါ်စေသော အကြောင်းရာများမှ အဓိကကျသောအကြောင်းအချက်တစ်ခုပင်ဖြစ်သည်။

(၁၉၈၈) ဒီမိုကရေစီ လှုပ်ရှား

> *"မတ်လ(၁၃)ရက်နေ့ရောက်တိုင်း ကိုဖုန်းမော်နေ့အား အမှတ်တရသောအားဖြင့်လည်းကောင်း၊ ကျောင်းသားများ သွေးစွန်းသောနေ့ကို ဝမ်းနည်းသောအနေဖြင့် အဝတ်အမဲစလေးများအား . . ."*

မှုကြီးအတွင်း နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ နိုင်ငံရေးခေါင်းဆောင်များသည် ကိုဖုန်းမော် ကျဆုံးခဲ့ရမှုအား အမှတ်တရရှိကြပြီး၊ ထိုနေ့အား မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်ရန်ပြောဆိုလာခဲ့ကြသည်။

ပထမဆုံးသော မြန်မာနိုင်ငံ လူအခွင့်အရေးနေ့အား ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကိုဖုန်းမော် ကျဆုံးခြင်း တစ်နှစ်တင်းတင်းပြည့်သည့်နေ့ ၁၉၈၉ ခုနှစ် မတ်လ (၁၃) ရက်နေ့တွင် ကျင်းပခဲ့သည်။

မတ်လ (၁၃) ရက်နေ့ ရောက်တိုင်း ကိုဖုန်းမော်နေ့အား အမှတ်တရသောအားဖြင့်လည်းကောင်း၊ ကျောင်းသားများ သွေးစွန်းသောနေ့ကို ဝမ်းနည်းသောအနေဖြင့် အဝတ်အမဲစလေးများအား အင်္ကျီတွင် ဝတ်ဆင်လေ့ရှိပြီး ကျောင်းသားအာဇာနည် ကိုဖုန်းမော်အား မမေ့ရန်၊ ဒီမိုကရေစီ လူအခွင့်အရေး၊ ငြိမ်းချမ်းရေးတို့အတွက် တိုက်ပွဲဝင်ကြရန် သတိပေးလေ့ရှိသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေလေ့ရှိသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့သည် ကိုဖုန်းမော် တယောက်ထဲအား အမှတ်တရထား၍ ကျင်းပခြင်းမျိုးမဖြစ်သင့်ဘဲ မြန်မာနိုင်ငံတဝန်းလတ်တလောဖြစ်ပေါ်နေသော လူအခွင့်အရေးချိုးဖောက်ခံနေရမှုများ အတွက် အသိရှိသင့်ပြီး လူအခွင့်အရေးအတွက် တိုက်ပွဲဝင်ကြရန်နှင့် နိုင်ငံတကာ လူအခွင့်အရေးစာတမ်းပါ အချက်များအရ နိုင်ငံသားတိုင်း လိင်၊ အသားအရောင်၊ လူမျိုး၊ ဘာသာ မတူကွဲပြားမှုများအပေါ် အခြေမခံဘဲ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံခံရနိုင်ရေးအတွက် ကျွန်ုပ်တို့ပြည်သူများ အနေဖြင့် ကြိုးစားသင့်ပါသည်။

မြင့်ဇော်

(၂၀၀၈ ခုနှစ်၊ မတ်လထုတ် သမဂ္ဂစာစဉ်
အတွဲ(၃)၊ အမှတ် (၁) တွင်ဖော်ပြခဲ့သော
ဆရာမြင့်ဇော်၏ "မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ဆိုတာ"
ဆောင်းပါးမှ ပြန်လည်ကောက်နုတ်ဖော်ပြပါသည်။)

# ကျောင်းသားနှင့် မြန်မာ့နိုင်ငံရေး

ကျောင်းသားများ၏ အဓိက အသက်ဆိုင်ဆုံး အချက်သည် ပညာသင်ကြားရေးပင်ဖြစ်သည်မှာ မည်သူမျှ မငြင်းနိုင်သည့် အချက် ဖြစ်ပေသည်။ ပညာသင်ကြားနိုင်ရေးကိုသာ အဓိကအနေဖြင့် ယူဆကြသည်။ အရှင်းဆုံးဆိုရလျှင် ကျောင်းသားများသည် ပညာသင်ကြားရမည်။ ပညာသင်ကြားသည် ဆိုရာတွင်လည်း သူတတ်သည့် ပညာကို တိုင်းပြည်တိုးတက်ရေး၊ လူမျိုးများအနေဖြင့် တင့်တောင့် တင့်တယ် နေနိုင်ရေးအတွက် အသုံးပြုရမည်ဆိုသည့် ရည်မှန်းချက် ထားရှိရပေမည်။

သို့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ကာလတလျှောက်တွင် ကျောင်းသားများ၏ ယေဘုယျ သဘောထားများကို ပိတ်ပင်လာသည့် သာဓကများကို ကျောင်းသားများအနေနှင့် ထင်ထင်ရှားရှား တွေ့ကြုံခံစားပြီးဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဖက်ဆစ်ဝါဒ၏ လွှမ်းမိုးအုပ်ချုပ်မှုကို ခံစားရသည့် တိုင်းပြည်တိုင်းမှာ ဖက်ဆစ်ဝါဒသည် ယဉ်ကျေးမှုအစဉ်အလာကို ဖျက်ဆီးပစ်ဖို့ လုပ်ကိုင်လာသည်ကို တွေ့ရပေမည်။ လူများ၏တိုးတက်မှု အသိဉာဏ်ပွင့်လင်းမှုတို့ကို ခြိမ်းခြောက် တားဆီးလာကြသည်။ ဖက်ဆစ်ဝါဒလွှမ်းမိုးခြင်းခံရသည့် တိုင်းပြည်များတွင် တက္ကသိုလ်နှင့် အထက်တန်းကျောင်းများကို ပိတ်ပစ်ခဲ့ကြသည်၊ ——

( က ) ကျောင်းသားလှုပ်ရှားမှု

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးသည် ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊

လူမှုရေး၊ နိုင်ငံသမိုင်း အခြေအနေ၊ ရိုး ရာ ယဉ်ကျေးမှု "လေ့ထုံးစံများ စသည်တို့နှင့် ရောထွေးယှက်နွယ်နေသည်။ ခေတ်တစ်ခေတ်၏ ကျောင်းသား လှုပ်ရှားမှု အရှိန်အဟုန်ကို ကြည့်ခြင်းအားဖြင့် ထိုခေတ်လူထု၏ နိုင်ငံရေး ရေချိန်ကို သိနိုင်ပေသည်။တနည်းအားဖြင့် ကျောင်းသားများ၏ တောင်းဆိုချက်သည် ပညာရေး တောင်းဆိုချက်များသာမက လူထု ၏ လိုအပ်ချက်၊ လူထု၏ အသံများကိုပါ ကိုယ်စား ပြုသည့် တောင်းဆိုချက်များပင်ဖြစ်သည်။ အထူး သဖြင့် ကျောင်းသားထုကို ဦးဆောင်ခဲ့သည့် တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တကသ)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ များ အဖွဲ့ ချုပ် ( ဗကသများအဖွဲ့ချုပ် )၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ(ရကသ) ၊ ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ(ရခသ) စသည့် သမဂ္ဂ များ၏ ရပ်တည်ချက်သည် ကျောင်းသားထုကို ကိုယ်စား ပြုနိုင်ခဲ့ရုံသာမက အမျိုးသားရေး လိုအပ်ချက်များအတွက်ပါ အသင့် ရှိနေခဲ့သည်။ ဖိနှိပ်သော အစိုးရနှင့် အဖိနှိပ်ခံ ပြည်သူ လူထုတို့၏ ပဋိပက္ခတိုင်းတွင် လူထုဘက်မှ အမြဲအစဉ်ရပ်တည်ခဲ့သည်။ တောင်းဆို လှုပ်ရှား ခဲ့ကြသည်။ ဤသည်ကား ကျောင်းသားထု၏ သမိုင်း အစဉ်အလာကောင်းများပင်ဖြစ်သည်။ ထိုအစဉ်အလာကောင်းများကို ချစ်မြတ်နိုးမှု အမှန်တရားကို တန်ဖိုးထားမှု၊ ကိုယ်ကျိုးစွန့်

*"... ၁၉၃၁–ခုနှစ် ဆရာစံလှုပ်ရှားမှု (လယ်သမားသူပုန်)၊ ၁၉၃၈–ရေနံမြေသပိတ် (၁၃၀၀–ပြည့် အရေးတော်ပုံ)များနှင့် ကျောင်းသား လှုပ်ရှားမှုများ သည် တသားတည်း ရှိနေခဲ့သည်။"*

အနစ်နာခံ၍ ယုံကြည်ရာကို မြဲမြံစွာ ဆုပ်ကိုင်ထားနိုင်မှုတို့ကို ကျောင်းသားစိတ်ဓါတ် တနည်းအားဖြင့် ခွပ်ဒေါင်းစိတ်ဓါတ်ဟူ၍ ကျောင်းသားတိုင်းက နားလည်လက်ခံခဲ့ကြသည်။ ထိုကဲ့သို့ ကျောင်းသားထု အစဉ်အလာ ကောင်းများနှင့်အညီ ကျောင်းသားထု ညီညွတ်ရေး၊ ကျောင်းသားထု အခွင့်အရေးကာကွယ်ရေး၊ လူမျိုးစုံ ချစ်ကြည်ရေးတို့ကို သမဂ္ဂစိတ်ဓာတ်ဟု ခေါ်ခဲ့ကြသည်။ ကျောင်းသား လှုပ်ရှားမှုများ၏ ကနဦးအစသည် နယ်ချဲ့လက်အောက်ခံဘဝ ၁၉၂၀–ခုနှစ် ပထမအကြိမ် ကျောင်းသားသပိတ်ကြီးမှ သန္ဓေတည်ခဲ့သည်ဟု ဆိုရပေမည်။

လူ့လောက တိုးတက်ရေးကို လိုလားသည့် လောကဓါတ် ပညာသည်များ ကျောင်းသားလူငယ်များ၊ ပညာရှင်များကို ညှင်းပန်း နှိပ်စက်လာသည်ကို တွေ့ရသည်။ ထင်ရှားသည့် သာဓကအနေဖြင့် ၁၉၃၉–ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့ ချက်ကိုစလိုဗေးကီးယားနိုင်ငံတွင် တက္ကသိုလ်အားလုံးကို ပိတ်ပစ်လိုက်သည် ထိုပိတ်ပင်မှုကိုတားဆီး ဟန့်တားသည့် ကျောင်းသားများ ၊ ဆရာများ ၊ ပြည်သူများကိုလည်း ဖမ်းဆီးထောင်ချ သတ်ဖြတ် စသည်ဖြင့် ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။ ထိုအဖြစ်အပျက်မျိုးကို ဖက်ဆစ်ဝါဒ လွှမ်းမိုးသည့် ဥရောပတတိုက်လုံးက တိုင်းပြည်တိုင်း ခံစားခဲ့ရသည်ဖြစ်သည်။ ဤသို့ ဖက်ဆစ်ဝါဒသည် လူ့လောက တိုးတက်မှုကို အားမပေးသည့်အတွက် ကျောင်းသားများသည် ဖက်ဆစ်ဝါဒကို ဆန့်ကျင်လာကြသည်။ ထိုမှတဆင့် တကမ္ဘာလုံးရှိ ကျောင်းသားများ စည်းလုံးလာခဲ့ကြသည်။ ဖက်ဆစ်အသွင်ကို မဆောင်သေးသည့် နယ်ချဲ့စနစ်သည်လည်း ပညာရေးကို အားမပေးခဲ့သည်ကို သမိုင်းတလျှောက်လုံးတွင် တွေ့ခဲ့ကြရသည်။ နယ်ချဲ့အုပ်ချုပ်လွှမ်းမိုးသည့် တိုင်းပြည်များတွင် စာမတတ်သူ ဦးရေသည် အံ့သြလောက်အောင် များပြားနေတာကို တွေ့ရသည်။ အီရန်တွင်စာမတတ်သူ ၈၀ ရာခိုင်နှုန်း၊ နိုင်ဂျီးရီးယားတွင် ၉၀ ရာခိုင်နှုန်း၊ အိန္ဒိယတွင် ၈၇ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားတွင် ၉၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၆၀ ရာခိုင်နှုန်း စသဖြင့် တွေ့ရပေသည်။

ထို့ကြောင့် ကျောင်းသားများ၏ ပညာသင်ကြားနိုင်ရေးသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တိုက်ပွဲများနှင့် ခွဲခြား၍ မရနိုင်ဟု ကျောင်းသားများကယူဆခဲ့ကြသည်။ ဖက်ဆစ်များက ချက်ကိုစလိုဗေးကီးယား နှင့် အခြားဥရောပတိုင်းပြည်များတွင်ရှိသည့် တက္ကသိုလ်များကို ပိတ်ပစ် လိုက်သည့်၁၉၃၉ –ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့ကို ကမ္ဘာ့ကျောင်းသားများနေ့ အဖြစ် သတ်မှတ်ကာ ယနေ့တိုင် ကျင်းပနေဆဲပင်ဖြစ်သည်။

အမေရိကန်နိုင်ငံသမ္မတဟောင်းတစ်ဦးဖြစ်သည့် ရုစဘဲ့သည် ထိုနေ့က ကမ္ဘာတဝန်းလုံးရှိကျောင်း သားများထံသို့ အသံလွှင့်ဌာနမှတဆင့် အားပေးစကားပြောခဲ့သည်။ ထိုသို့သောအကြောင်းများကြောင့်ပင် အတိုင်းတိုင်းအပြည်ပြည်မှ ကျောင်းသားများသည် အတိတ်သင်ခန်းစာများကို ခံယူကာ နောက်နောင်တွင် သူတို့၏ပညာသင်ကြားရေးကို တားဆီးနိုင်ရန်အတွက် စုပေါင်းကာကွယ်ကြမည့် ကမ္ဘာ့ကျောင်းသားအဖွဲ့ချုပ်ကြီးတခု ရှိသင့်သည်ဟု ခံယူကာ ၎င်းအဖွဲ့ချုပ်ကြီး တည်ဆောက်နိုင်ရေးအတွက်ကြိုးစားခဲ့ကြသည်။

ဤအဖွဲ့ချုပ်ကြီး တည်ဆောက်ရေးကို အမေရိကန်၊ အင်္ဂလန်၊ ဆိုဗီယက်၊ ပြင်သစ်၊ တရုတ်စသည့် နိုင်ငံကြီး ငါးနိုင်ငံမှ ကျောင်းသားများပါဝင်ကြ၍ နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ကျောင်းသားကိုယ်စားလှယ်များသည် ၁၉၄၄ – ခုနှစ် ဩဂုတ်လထဲတွင် ကမ္ဘာ့ကျောင်းသားအဖွဲ့ချုပ်ကြီးသည် ကမ္ဘာ့အလယ်တွင် အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပေသည်။ အဖွဲ့ချုပ်ကြီး၏ အခြေခံမူဝါဒသည် တိုင်းပြည်တိုင်း လွတ်မြောက်စေရေး၊ လူ့လောကကြီး ငြိမ်းချမ်းစွာဆက်လက်တည်တံ့ရေး၊ လူတိုင်းအား ပညာသင်ရေး ပေးစေနိုင်သည့် ဒီမိုကရေစီ ပညာရေးတို့ဖြစ်သည်။

မြန်မာ့နိုင်ငံရေး တစ်လျှောက်ကို ပြန်ပြောင်းကြည့်ကြမည်ဆိုလျှင် သမိုင်းဝင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲတိုင်းတွင် ကျောင်းသားများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါခဲ့ပေသည်။ ကျောင်းသားလှုပ်ရှားမှုများသည် မြန်မာ့နိုင်ငံရေးနှင့် ခွဲခြားမရနိုင်အောင် ဆက်စပ်လျက်ရှိပေသည်။

ကျောင်းသားလှုပ်ရှားမှုအဆက်ဆက်ကို ပြန်ကြည့်မည်ဆိုလျှင်လည်း ကျောင်းသားထု၏ အဓိက တောင်းဆိုလှုပ်ရှားမှုများသည် အမျိုးသားပညာရေး၊ သိပ္ပံနည်းကျ ပညာရေး၊ ပညာရေးလွတ်လပ်ခွင့်များကို တောက်လျှောက်တောင်းဆို တိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရပေမည်။ ဤသည်တို့မှာ ပညာရေး တောင်းဆိုချက်များဖြစ်သော်လည်း နိုင်ငံရေးအခြေအနေများနှင့် တိုက်ရိုက်ပတ်သက်နေသည့်အတွက် နိုင်ငံရေးတောင်းဆိုမှု၊ နိုင်ငံရေးလှုပ်ရှားမှုအထိတဆင့်တက်ခဲ့ကြရပေသည်။ မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုများသည် မြန်မာနိုင်ငံရေးအခြေ အနေများနှင့် ထပ်တူကျနေသလို နိုင်ငံရေးလှုပ်ရှားမှုများအတွက် အတောင်ပံတစ်ဖက်လိုတည်ရှိခဲ့ပေသည်။

၁၉၂၀ ပထမအကြိမ် ကျောင်းသားလှုပ်ရှားမှုမှသည် ၁၉၈၈ – ခုနှစ် စက်တင်ဘာလ ကျောင်းသား လှုပ်ရှားမှုများအထိ ကျောင်းသားထုအခွင့်အရေးတိုက်ပွဲ၊ ပညာရေးလွတ်လပ်ခွင့် တိုက်ပွဲများသည် အခြေခံ ကျသည့် တိုက်ပွဲများဖြစ်ပေသည်။ ယင်းအခြေခံပေါ် မူတည်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပြီးတော့ စစ်အာဏာရှင်ဆန့်ကျင်ရေးတိုင်ပွဲများကို ဆက်နွှဲခဲ့ကြသည် ဖြစ်ပေသည်။

ဗြိတိသျှအုပ်ချုပ်ရေးမတိုင်မီ ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံပညာရေးစနစ်သည် လူထုပညာရေးစနစ်ဟူ၍ မယ်မယ်ရရ မရှိသေးဘဲ ခေတ်မှီနည်းပညာရပ်များကို သင်ကြားခွင့် ရသူများမှာ မင်းညီမင်းသားများသာ ဖြစ်ခဲ့သည်။ သို့ကြောင့်ပင် စက်မှုတော်လှန်ရေးအပြီး ကမ္ဘာ့တလွှား၌ နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြည်သူတို့ အရေးပါမှုများ အားကောင်းအရှိန်ရနေချိန်တွင် ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံသည် များစွာနောက်ကျ ကျန်ရစ်ခဲ့သည်ကို ဝန်ခံရမည်ဖြစ်ပေသည်။

၁၈၈၆ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှ လက်အောက်သို့ ကျရောက်ခဲ့ပြီးသည့်နောက်ပိုင်းမှစ၍ မြန်

မာတို့၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးစနစ်တို့သည် နယ်ချဲ့ အုပ်ချုပ်ရေးယန္တရားယားခိုင်မာစေရေးအတွက်သာ ဖြစ်သွားခဲ့သည်။ သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်မှ နယ်ချဲ့ကိုလိုနီ လက်အောက်ခံ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲခဲ့၍ ပညာရေးစနစ်များ အဆင့်မြင့်ခေတ်မီလာသည်ဟု ဆိုနိုင်သော်လည်း ထိုပညာရေးသည် ကိုလိုနီစနစ်အား အထောက်အကူပြုရန်သက်သက်သာ ဖြစ်ခဲ့သည်။ မြန်မာလူမျိုးတို့သည် နယ်ချဲ့လက်အောက်သို့ စတင်ကျရောက်ခဲ့သည့်အချိန်မှစ၍ အမျိုးသားလွတ်လပ်ရေးအတွက် ထက်သန်ဆန္ဒရှိခဲ့ကြသည့်နည်းတူ ကိုယ်ပိုင်အမျိုးသားပညာရေးစနစ် ထူထောင်ရေးအတွက်လည်း ကြိုးစားခဲ့ကြပေသည်။

၁၉၂၀–ခုနှစ် ပထမကျောင်းသားသပိတ်ကြီးသည် ကိုလိုနီ ပညာရေးစနစ်အား အုံကြွဆန့်ကျင်ခဲ့သည့် ပထမဆုံး ပညာရေးလှုပ်ရှားမှု ကြီးတစ်ခုဖြစ်သည့်အပြင် အမျိုးသားပညာရေးစနစ်တစ်ခု ထူထောင်ရေးအတွက် ကနဦးအစလည်း ဖြစ်ပေသည်။ ဤသပိတ်ကြီးသည် ပြည်သူလူထု၏ တခဲနက်ထောက်ခံအားပေးမှုကိုလည်း ရရှိခဲ့ပေသည်။ ထိုလှုပ်ရှားမှုကြီး၏ အကျိုးသက်ရောက်မှုသည် အမျိုးသား ပညာသင်ကျောင်းများနှင့် ခေတ်သစ်အမျိုးသား ပညာရေး အတွေး အခေါ်ကိုပေါက်ပွားစေခဲ့သည်။ ပညာရေးစနစ်ကောင်း တခုတည်း အတွက် သာမဟုတ်သော ဤလှုပ်ရှားမှုကြီးသည် မြန်မာတမျိုးသားလုံးအတွက် အမျိုးသားလွတ်လပ်ရေးသို့ ဦးတည်စေသည့် နိုင်ငံရေးနိုးကြားမှု၊ အမျိုးသားစည်းရုံးမှုနှင့် ဇာတိသွေး၊ ဇာတိမာန် မြင့်မားမှု တို့ကိုသန္ဓေတည်စေခဲ့သည်။

၁၉၂၀–ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ် သပိတ်မှောက်ကျောင်းသားများကောင်စီ၏ ထုတ်ပြန်ချက်တွင် 'အမျိုးသား ပညာရေး၏ နောက်ဆုံးရည်ရွယ်ချက်သည် အမျိုးသား လွတ်မြောက်ရေးနှင့် မြန်မာလူမျိုးများ ဗြိတိသျှနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ရေးတည်း' ဟူ၍ ပါရှိခဲ့ပေသည်။ ထိုသပိတ်မှ သပိတ်မှောက် ကျောင်းသားကြီးများ မြို့မိ မြို့

ဖများနှင့် ဝံသာနုခေါင်းဆောင်များ စုစည်းဦးဆောင်သည့် "အမျိုးသား ပညာရေးကောင်စီ"ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေး သမိုင်းတလျှောက်တွင် ထင်ရှားကျော်ကြားခဲ့သော ဆရာကြီး သခင် ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း၊ သခင်မြ၊ သခင်ဖိုးကွန်း၊ သခင်ဗဂွန်း၊ သခင် ထွန်းရွှေ၊ သခင်ဗသိန်း၊ သခင်သာခင် စသော အမျိုးသား ခေါင်းဆောင် များသည် ပထမ ကျောင်းသားသပိတ်ကြီးမှ ပေါက်ဖွားခဲ့သော အမျိုးသား ကောလိပ် ဆရာဟောင်းများ၊ သပိတ်မှောက် ခေါင်းဆောင်ဟောင်း များဖြစ်ခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာတစ်မျိုးသားလုံးအား နိုးကြားစေခဲ့သည့် ပထမဆုံးအ ကြိမ် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုဖြစ်သည့် ၁၉၂၀ ကျောင်းသားသပိတ် စတင်သည့်နေ့ကို ၁၉၃၅ ခုနှစ်၌ ကျင်းပသော ဒို့ဗမာအစည်းအရုံး န၀မ အကြိမ်ညီလာခံကြီးမှ အမျိုးသားအောင်ပွဲနေ့အဖြစ် တညီတညွတ်တည်း သတ်မှတ်၍ မြန်မာနိုင်ငံ တဝှမ်းလုံး၌ ယနေ့ထက်တိုင် ဂုဏ်ပြု ကျင်းပ လျှက်ရှိဆဲဖြစ်ပေသည်။ ထိုသို့ သတ်မှတ်ရာတွင် အချက် ၅ ချက်နှင့် အညီ သက်မှတ်ခြင်းဖြစ်သည်။ ၄င်းတို့မှာယက္ခုကဲ့သို့ ကျောင်းသားများ သပိတ် မှောက်လိုက်ခြင်းသည် အိပ်မောကျနေသောမြန်မာပြည်သူလူထုကြီးအား လှုပ်နှိုး လိုက်ဘိသကဲ့သို့ပင်ဖြစ်ချေတော့သည်။ ဤကျောင်းသားသပိတ်သည် ခေတ်နောက်ကျနေသော မြန်မာပြည်ကြီးအား နှစ်သုံးလေးဆယ်ခန့်မျှ ခေတ်ရှေ့ သို့တွန်းပို့လိုက်ခြင်းပင် ဖြစ်ပေတော့သည်။ ပညာရေးသည် တိုင်းရေး ပြည်ရေး ဘာသာရေး လူမှုရေး စီးပွားရေး အစရှိသည်တို့၏ အချုပ်ဖြစ်ရာ၊ ယက္ခုကဲ့သို့ ပညာရေးကို သပိတ်မှောက်လိုက်ခြင်းသည် အလွန်ပင် ကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော သပိတ်မှောက်မှုကြီးပင် ဖြစ်ချေတော့သည်။

ယခုကဲ့သို့ သပိတ်မှောက်လိုက်ခြင်းဖြင့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာရာ၊ ၄င်းအမျိုးသားကျောင်းများမှ အနာဂတ်မြန်မာနိုင်ငံ၏ ပညာရေးကို ဦးဆောင်နိုင်မည့် လူပုဂ္ဂိုလ်များ မွေးထုတ်ပေးလိုက်ခြင်းပင်ဖြစ် ပေသည်။

ကိုလိုနီခေတ်တွင် ပေါ်ပေါက်ခဲ့သော ဂျီ–စီ–ဘီ–အေ (ဝံသာနု

အရေးတော်ပုံ)၊ ၁၉၃၁–ခုနှစ် ဆရာစံ လှုပ်ရှားမှု (လယ်သမားသူပုန်)၊ ၁၉၃–ရေနံမြေသပိတ် (၁၃၀၀–ပြည့်အရေးတော်ပုံ)များနှင့် ကျောင်းသား လှုပ်ရှားမှုများသည် တသားတည်းရှိနေခဲ့သည်။

ထိုကဲ့သို့ နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကာလ အတွင်းမှာပင် ၁၉၃၁ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) ပေါ်ပေါက်လာခဲ့သည်။ ထိုသမဂ္ဂကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

(၁) လူမှုဆက်ဆံရေးနယ်ပယ်၌အစုအပေါင်းဖြင့်ကောင်းစွာ ဆောင်ရွက်နိုင်သောဘဝကို ဖြစ်ထွန်းလာစေရန်၊

(၂) မိမိကိုယ်မိမိအားကိုး၍ လွတ်လပ်စွာ ဆောင်ရွက်နိုင်သောဘဝကို ဖြစ်ထွန်းလာစေရန်၊

(၃) တာဝန်ဝတ္တရားများကိုသိတတ်သော စိတ်ဓါတ်များဖြစ်ပေါ်လာစေရန် တို့ဖြစ်သည်။

ထို့ကြောင့် သမဂ္ဂတစ်ခုသည် လွတ်လပ်စွာတွေးတောကြံဆခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခြင်းအတွက်ရပ်တည်နေခြင်းပင် ဖြစ်သည်။ သို့သော်လည်း တကသသည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ကာလတစ်ခုထိတိုင်အောင် နယ်ချဲ့အလိုတော်ရိ ကျောင်းသားအများစုကသာ လွှမ်းမိုးချုပ်ကိုင်ထားခြင်း ခံခဲ့ရသည်။ ဤအခြေအနေများကြောင့် ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ၊ ကိုအုန်းစသည့် ကျောင်းသားခေါင်းဆောင်များမှာ တကသ ၌ ဝင်ရောက်အရွေးခံနိုင်ရေးအတွက် အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးပမ်းခဲ့ကြပေသည်။ ၁၉၃၅–၃၆ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂရွေးကောက်ပွဲ၌ အလိုတော်ရိများအား ဖယ်ရှားနိုင်ခဲ့ကြပြီး ဝံသာနုစိတ်ဓါတ်ပြင်းထန်သော ကျောင်းသားခေါင်းဆောင်များက တကသ ကို ဦးဆောင်လှုပ်ရှားနိုင်ခဲ့သည်။

၁၉၃၆ ဖေဖေါ်ဝါရီလတွင် တကသ ဂျာနယ်ဖြစ်သည့် ‘အိုးဝေဂျာနယ်’ ပါ

နယ်ချဲ့အစိုးရကို ဆန့်ကျင်ရေးသားထားသော 'ငရဲခွေးကြီး လွတ်နေပြီ' Hell hound at large ဆိုသည့် စာပိုဒ်နှင့် ပတ်သက်ပြီး ဂျာနယ်တာဝန်ခံ ကိုအောင်ဆန်းနှင့် တကသ ဥက္ကဋ္ဌ ကိုနု တို့ကျောင်းမှ ထုတ်ပယ်ခံရခြင်းကြောင့် ဒုတိယအကြိမ်ကျောင်းသားသပိတ် ကြီး ပေါ်ပေါက်လာခဲ့ပေသည်။

ထိုသပိတ်အပြီး ၃ လ အကြာ ၁၉၃၆–မေလ ၈ ရက်နေ့၌ ပထမဆုံးအကြိမ်ကျောင်းသားများ ညီလာခံကို ခေါ်ယူ ကျင်းပနိုင်ခဲ့သည်။

ဤညီလာခံကြီးမှ မြန်မာ့နိုင်ငံရေးသမိုင်းနှင့် ကျောင်းသားလှုပ်ရှားမှု သမိုင်းတွင် အရေးပါလှသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ)ကို ဥက္ကဋ္ဌ ကိုရာရှစ်၊ ဒု–ဥက္ကဋ္ဌ ကိုအောင်ဆန်း တို့ဖြင့် စတင်ဖွဲ့ စည်းနိုင်ခဲ့ပေသည်။

၁၉၃၀–ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၏ အဓိက နိုင်ငံရေးအဖွဲ့အစည်းကြီး တစ်ခုဖြစ်သည့် ဒို့ဗမာအစည်းအရုံးကြီးပေါ်ပေါက်လာခဲ့သည်။ သည့်နောက် ကျောင်းသားခေါင်းဆောင် ကိုနု၊ ကိုအောင်ဆန်း၊ ကိုဗဟိန်း တို့သည် ဒို့ဗမာ အစည်းအရုံးနှင့် ဆက်စက်မှုများ ရှိလာပြီး ကျောင်းသားထုလှုပ်ရှားမှုသည် ကျယ်ပြန့်သည့် နိုင်ငံရေးအသွင် ဆောင်လာခဲ့ပေသည်။ ကျောင်းသားထုမှာလည်း နိုင်ငံရေး နိုးကြားမှုများ ပြင်းထန်လာကြပြီး အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုသို့ တဆင့်တက်ရန် အားယူလာကြသည်။

၁၉၃၈ခုနှစ် တွင် ရေနံမြေအလုပ်သမားများ၏ '၁၃၀၀–ပြည့် အရေးတော်ပုံကြီးပေါ်ပေါက်လာခဲ့သည်။ ချီတက်ဆန္ဒပြကြရာ မကွေးမြို့ တွင် ပိတ်ဆို့ခံရပြီး အလုပ်သမားခေါင်းဆောင်များစွာ ဖမ်းဆီးခြခံခဲ့ရသည်။ ဦးဆောင်မှု မဲ့နေသောအလုပ်သမားတပ်ကြီးကို ဆက်လက်ဦးဆောင်နိုင် ရန် ဒို့ဗမာအစည်းအရုံးမှ တာဝန်ယူကာခေါင်းဆောင်များကို ရွေးချယ်စေလွှတ် ခဲ့သည်။ ထိုသို့စေလွှတ်ခံရသည့်ဗိုလ်များထဲတွင် ကျောင်းသားခေါင်းဆောင်များ ဖြစ်သည့် ဥက္ကဋ္ဌ ကိုဗဟိန်း၊ ကိုဗဆွေ တို့လည်းပါဝင်ခဲ့သည်။ ဤသို့ ဖြင့် ကျောင်းသားများသည် အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုတွင်

ထိပ်တန်းမှ ပါဝင်ဦးဆောင်နိုင်ခဲ့သည်။ လူထုနှင့်အတူ ပါဝင်လက်တွဲတိုက်ပွဲဝင်ခဲ့သည်။ ကိုဗဟိန်းနှင့် ကိုဗဆွေတို့ အဖမ်းခံရခြင်းကြောင့် တတိယအကြိမ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့ပေသည်။ ၁၉၃၈–ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ အစည်းအဝေးတရပ်ကို တက္ကသိုလ်ကျောင်းသားသမဂ္ဂအသင်းတိုက်တွင် ကျင်းပပြီး အစိုးရက လက်ငင်းထုတ်ပြန်ထားသော ပုဒ်မ၁၄၄ နှင့် ၂၃/၇ ကို ချက်ချင်းရုပ်သိမ်းပေးရန်၊ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုဗဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေတို့ကို ချက်ချင်းလွှတ်ပေးရန် တောင်းဆို ခဲ့ကြသည်။

၁၉၃၈–ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ ရွှေတိဂုံ ရင်ပြင်တွင်ပြုလုပ်သော ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းပေါင်းစုံတိုးချဲ့ အထူးအစည်းအဝေးတွင်လည်း တက္ကသိုလ်သမဂ္ဂအမှုဆောင်တစ်ဦးဖြစ်သူ ကိုသိန်းအောင်က ကျောင်းသားများ၏ မိုခိုအားထားရာဖြစ်သော ကျောင်းသားခေါင်းဆောင်နှစ်ဦးကို မတရားဖမ်းဆီးထားခြင်းမှာ ကျောင်းသားများကို ပထမအကြိမ် ရန်စခြင်းသာဖြစ်ကြောင်း ယခုအခါ တိုင်းပြည်တစ်ခုလုံးမှာ နစ်နာ၍ လွတ်လပ်မှု မရှိသည့်အပြင် စားမှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှုတို့၌လည်း ကျီးလန့်စာ စားရသကဲ့သို့ ဖြစ်နေလျှင် မည်သည့်နိုင်ငံ၌မဆို ကျောင်းသားများနိုင်ငံရေးထဲသို့ ဝင်ရောက်ကြရကြောင်း၊ ထို့အတူ မိမိတို့လည်း မလွဲ မရှောင်သာ ဝင်ရောက်ကြရခြင်း ဖြစ်ကြောင်းကို ရှင်းလင်းတင်ပြခဲ့ပေသည်။ ၁၉၃၈–ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကျောင်းသားများက အတွင်းဝန်ရုံးကိုဝိုင်းပြီး ဆန္ဒပြကြရာ ကျောင်းသားခေါင်းဆောင်ဗိုလ်အောင်ကျော်နှင့် ကျောင်းသားအများအပြား နယ်ချဲ့စစ်ပုလိပ်တို့၏ နံပါတ်ဒုတ်များဖြင့် ရိုက်နှက်ခြင်းခံခဲ့ရပြီး ဗိုလ်အောင်ကျော်မှာ ယင်းအရိုက်ခံရသော ဒဏ်ရာဖြင့် နောက်နှစ်ရက်အကြာတွင် ကျဆုံးခဲ့ရသည်။ ဤဖြစ်စဉ်များကိုကြည့်ခြင်းအားဖြင့် ကျောင်းသားများသည် ကျောင်းသားအရေးသက်သက်သာမက မိမိနိုင်ငံ၏အရေးကိစ္စမှန်သမျှကို စိတ်ဝင်တစားရှိခဲ့ပြီးနိုင်ငံရေးအရ အစဉ်နိုးကြားနေသူများဖြစ်ကြောင်း ထင်ရှားလျက်ရှိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲအတွက် သပိတ်တိုက်ပွဲ၊ လူထုလှုပ်ရှားမှုများဖြင့်သာ မရတော့ပဲ လက်နက်ကိုင်တော်လှန်ရမည်ဟူသော အမြင်များလည်း ကျောင်းသားခေါင်းဆောင်များတွင် ထိုစဉ်ကပင် ရှိနေခဲ့သည်။ ထိုလွတ်လပ်ရေးတိုက်ပွဲအတွက် တိကျမှန်ကန်သော လမ်းညွှန်မှုကို ပေးမည့် ပါတီ(သို့မဟုတ်)တပ်ပေါင်းစုတစ်ခု ရှိရမည်ကိုလည်းသုံးသပ်နိုင်ခဲ့သည်။ ဤသည်မှာ ၁၃၀၀ပြည့် အရေးတော်ပုံအတွင်းမှ ရခဲ့သည့်သင်ခန်းစာများ ပင်ဖြစ်သည်။ ထို့ကြောင့် တကသ မှကြီးကြပ်၍ 'ကျောင်းသားသံမဏိတပ်' ဟူ၍ အပျော်တမ်းတပ်ဖွဲ့ ဆန်ဆန်ဖွဲ့စည်းနိုင်ခဲ့ပေသည်။ လက်နက်ကိုင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့တွင် အခြားနိုင်ငံရေးအင်အားစု များ၊ ပြည်သူလူထုများ၊ ဗမာ့တော်လှန်ရေးတပ်သားများနှင့်အတူ ဒေါင့်အသီးသီးမှ ပါဝင်လှုပ်ရှားခဲ့ကြပေသည်။

မြန်မာ့ကျောင်းသားများသည် ကမ္ဘာ့ကျောင်းသားရေးရာ၊ ကမ္ဘာနိုင်ငံရေးတို့ကိုလည်း မျက်ခြေပျက်မခံဘဲပူးပေါင်းလက်တွဲ လှုပ်ရှားခဲ့ကြသည်။ ၁၉၄၆–ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကျောင်းသားများသမဂ္ဂ (International Union of Students )ပထမအကြိမ် ကျောင်းသားလူငယ်ပွဲတော်သို့ တကသ အနေနှင့် တက်ရောက်ခဲ့သည်။

၁၉၄၇–ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ကို ဗိုလ်ယက်နမ်တော်လှန်ရေး ထောက်ခံသောနေ့အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးရှိ ကျောင်းသားတိုင်း အသီးသီးစုရုံး၍ ကျင်းပခဲ့ကြသည်။

၁၉၄၇–ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် တကသမှ ဦးဆောင်ပြီး 'ကမ္ဘာ့ကျောင်းသားဝန်ထမ်းအဖွဲ့ – မြန်မာနိုင်ငံကော်မတီ' ကို တည်ထောင်ရန် ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ကျောင်းသားဝန်ထမ်းအဖွဲ့၏ ဌာနချုပ်မှာ ဂျီနီဗာမြို့တွင် ဖွင့်လှစ်ထားပြီး သက်သာချောင်ချိရေးနှင့်ယဉ်ကျေးမှုအပေါ် အခြေခံဖွဲ့စည်း ထားသောအဖွဲ့ချုပ်ကြီးဖြစ်ပေသည်။ ။

## သွေးသစ္စာဥဒါန်း

ခရစ်သက္ကရာဇ် ၂၀၀၇ ခုနှစ်။

မြန်မာ့သမိုင်း ဘီးရဟတ်သည်တစ်ပတ်လည်ပြန်လေပြီ။ ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုနောက်ပိုင်း ၁၉ နှစ်ကျော်ကာလအတွင်း အကြီးမားဆုံးလူထုလှုပ်ရှားမှုကြီး တဖန်စတင်ပေါ်ပေါက်လာခဲ့သည်။ ယနေ့ခေတ်အခြေအနေသည် ၁၉၈၈ ခုနှစ်အခြေအနေနှင့်မတူ ပြောင်းလဲခဲ့ပြီ။ ကမ္ဘာနှင့်အဝှန်းတွင်ကျယ်လာသော သတင်းဆက်သွယ်ရေးနည်းပညာနှင့် လူသားတို့၏ အသိဉာဏ်ကူးစက်မှုက ပိုမိုကျယ်ဝန်းသောနယ်ပယ်အသီးသီးကို ထိုးဖေါက်ပျံ့နှံ့နိုင်သည်။ အင်တာနက်အကူအညီ၊ ဂြိုလ်တုဆက်သွယ်ရေး အထောက်အပံ့တို့ဖြင့်ကျောင်းသားထုအတွင်း အသိစိတ်ဓါတ် နိုးကြွလွန့်လူးလာခဲ့သည်။ ကြောက်မက်ဖွယ်ရာ နှောင်တည်းထားသော အရံအတားများစွာကို ချိုးဖျက်ပစ်ရမည်ဆိုသောအသိ လူသားကိုယ်စီ၌ ရှိနေလေပြီ။

ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ မိစ္ဆာဝါဒလူတစ်စုက ပြည်သူလူထုတစ်ရပ်လုံး၏ နှလုံးသွေးကို ယာဇ်ပူဇော်ကာ လူ့ဦးနှောက်များစွာကို အစီအစဉ်တကျအကွက်ချ၍ဖျက်ဆီးနေချိန်…။ ကျောင်းသားလူငယ်များကလည်း ပြည်သူအတွက် ခံပြင်းနာကျည်းချက်များကို ရင်ဝယ်ပိုက်၍ တော်လှန်ရေးရောင်နီဦးကို ကြိုလင့်နေခဲ့ကြသည်။ ကျောင်းသားလူငယ်များတွင် အမှောင်ထုကိုဖြိုခွင်းရန် စိတ်ဓါတ်အင်အား ရှိသည်။ အလင်းရောင်ကို ဝေ့ဖြန့်ချိရန် စေတနာခွန်အားနှင့် ဉာဏ်စွမ်းပကားရှိသည်။ ထိုခွန်အား၊ စွမ်းအားနှင့်အင်အား စုရုံးပူးပေါင်းထားသော ညီညွတ်မှုကို စစ်မိစ္ဆာတို့က စိုးထိတ်ကာ ခေတ်အဆက်ဆက် ကျောင်းသားမျိုးဆက် အသီးသီးကို ရန်သူသဖွယ် ယူဆချေမှုန်းခဲ့ကြသည်။ စစ်အာဏာရှင် အစိုးရကပေးသော မြန်မာပြည်ပညာရေးစံနစ်သည်အခြေခံ ပညာအဆင့်မှ အဆင့်မြင့်ပညာအဆင့်အထိ၊မူလတန်းမှ ပါရဂူတန်းအထိ အထင်ကြီးစရာ တစ်ကွက်မှမရှိသော ပညာရေးဖြစ်သည်။ ကျောင်းစတက်ပြီးချိန်မှ အောင်စာရင်းထွက်ပြီးချိန်အထိ မိဘများငွေအိတ်ပိုက်၍ ငွေနှင့်စက်ဝယ်ရသော အသပြာပညာရေးစံနစ်

ဖြစ်သည်။ ကျောင်းပြီး၍ ဘွဲ့ရသော်လည်း ရရှိသောဘွဲ့လက်မှတ်က အလုပ်အကိုင် အာမခံချက်မပေးနိုင်သဖြင့် ပြင်ပသင်တန်းမျိုးစုံကို လျှာထွက်မတတ်တက်ရောက်သင်ယူနေရသော ငွေကုန်အသပြာပညာရေး စံနစ်ဖြစ်သည်။ ပညာစစ်စစ်ကိုမပေး၊ စက္ကူလက်မှတ်ကိုသာပေးသော စစ်အာဏာရှင်တို့၏ ညစ်ပတ်မှုကတစ်မျိုး၊ ပညာရှင်တို့ကို ပါးစပ်ပိတ်ထားပြီး ပညာတော်သင်အဖြစ်ရွေးချယ်ရာ၌ ထူးချွန်သူကိုဦးစားမပေး၊ ကြံ့ဖွံ့အသင်းဝင်သူကိုသာ ဦးစားပေးသည့် အစိုးရ၏ပြောင်ကျကျ ယုတ်မာမှုကတစ်ဖုံ။ ဤသို့ အမျိုးမျိုးအဖုံဖုံ နှိပ်ကွက် ရက်စက်မှုများကြားမှ ကျောင်းသားလူငယ်များဟာ ဦးကျိုးမသွားဘဲ၊ လက်လျှော့မသွားဘဲ၊ နောက်ဆုတ်မသွားဘဲအားသစ်အင်သစ်မွေးရင်း တော်လှန်ရေးအတွက် အသင့်ပြင်ထားခဲ့ကြသည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် လောင်စာဆီနှင့် အထွေထွေကုန်ဈေးနှုန်း လျှော့ချစေရန် ပခုက္ကူမြို့ရှိသံဃာတော်များက အေးချမ်းစွာ မေတ္တာပို့တောင်းဆိုမှုကို စစ်အစိုးရလက်ကိုင်တုတ် ကြံ့ဖွံ့ စွမ်းအားရှင်အဖွဲ့သားများက အကြမ်းဖက်ရိုက်နှက်ခဲ့သည်။ ထို့ကြောင့် နအဖ အစိုးရကို မြန်မာနိုင်ငံတစ်ဝှန်းလုံးရှိ သံဃာတော်အသီးသီးမှ သပိတ်မှောက်ကံပြုခဲ့ကြသည်။ သပိတ်မှောက်ကံဆောင် သံဃာတော်များက 'စားဝတ်နေရေး ပြေလည်ရေး' 'ဖမ်းဆီးခံ နိုင်ငံရေးသမားများလွှတ်ပေးရေး' နှင့် 'အမျိုးသား ပြန်လည်သင့်မြတ်ရေး' စသည့်တောင်းဆိုချက် (၃) ရပ်ကို ပြည်သူ့ ကိုယ်စားတောင်းဆိုပေးကြသည်။

ကျောင်းသားလူငယ်များကလည်း သံဃာတော်များနှင့် တသားတည်းရှိကြောင်း ပြသသည့်အနေဖြင့် သာသနာ့အလံတော်အောက်မှ ခွပ်ဒေါင်းအောင်လံကို လွှင့်ထူပြီး ချီတက်တိုက်ပွဲဝင်ခဲ့ကြသည်။ ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်း၏ အကြမ်းမဖက် အမျိုးသားရေးလှုပ်ရှားမှုကြီးကို ၂၆ စက်တင်ဘာ ၂၀၀၇ မှ စတင်၍ တိုင်းဖျက်၊ ပြည်ဖျက်၊ သာသနာဖျက်

စစ်မိစ္ဆာဝါဒီ ဓိဋ္ဌိများက အပြင်းအထန်သတ်ဖြတ်ချေမှုန်းသည်အထိ မိုက်ရိုင်းကျူးလွန်ခဲ့ကြသည်။ ဤအရေးအခင်းအတွင်း ဘုရားသားတော် သံဃာတော်အရှင်မြတ်တို့သွေးမြေခဲ့ရသလို၊ ကျောင်းသားညီအကိုတော်များစွာလည်း အလံမလှဲ တိုက်ပွဲဝင်ရင်းကျဆုံးခဲ့ရသည်။

အခြေအနေအရပ်ရပ်ကြောင့် အနာဂါတ်ဝေဝါးနေရသော၊ အိပ်မက်များကြား မိန်းမောနေကြသော၊ တိုင်းရေးပြည်ရေးကို မသိကျိုးကျွံပြုနေကြသော လူငယ်အများစုပင်လျှင် အရေးကြုံက သက်လုံကောင်းကာ တိုက်ပွဲဝင်ကာလအတွင်း လမ်းများပေါ်၌ အသက်ကိုပင်စွန့်လွှတ်စတေးကာ ဖိနှိပ်ခံပြည်သူ့ဘက်မှ မားမားရပ်ခဲ့ ကြသည်ကိုငါတို့အားလုံးအသိပင်ဖြစ်သည်။ ကျဆုံးလေပြီးသော ကျောင်းသားအာဇာနည်အပေါင်းကို ငါတို့ ဦးညွှတ်အလေးပြုကြပါစို့။ သူတို့ချီတက်ရာ၊ သူတို့အသက်စွန့်ရာ၊သူတို့သွေးဖြင့်အလင်းပေးရာ တော်လှန်ရေးလမ်း တစ်လျှောက် ဒီမိုကရေစီပန်းတိုင်ရောက်သည်အထိ ငါတို့လည်း လိုက်ပါ ချီတက်ရင်းစစ်မိစ္ဆာဝါဒစံနစ်ဆိုးကိုချိုးဖျက်တိုက်ခိုက်ရန် အဆုံးသတ် တိုက်ပွဲဆင်နွှဲသွားမည်ဟု ငါတို့ကျောင်းသားလူငယ်ထုကြီးက သစ္စာအဓိဋ္ဌာန် ပြုလိုက်ကြစို့။ ။

ကျော်ကိုကို
ဗကသများ အဖွဲ့ချုပ်

# အတွေးပုံရိပ်များ နှင့် ဒီမိုကရေစီရှာပုံတော်

❖ (၁)

ကမ္ဘာ့မြေပြင်ကြီးတွင်အစိတ်အပိုင်းတစ်ခု၊ ကမ္ဘာ့နိုင်ငံပေါင်းများစွာထဲမှ နိုင်ငံတစ်ခုဖြစ်သော ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် ကံကြမ္မာကို တခါတရံ ပြန်လည် စဉ်းစားကြည့်ရင်း အတွေးများက မျောလွင့်သွားတတ်သည်။ ကိုယ့်ထီးကိုယ့်နန်းခေတ်၊ ၁၈၈၅ ခုနှစ်၊ ထီးသုဉ်းနန်းသုဉ်း တပါးကျွန်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးစ လွတ်လပ်ရေးကြိုခေတ်၊ လွတ်လပ်ရေးရစ ဖဆပလ ခေတ်မှသည် ယခု "နအဖ"ခေတ်အထိ ခေတ်အဆက်ဆက်ကို တန်းစီ ကြည့်မိသည်။

မြန်မာနိုင်ငံသည် (၁၉)ရာစုနှောင်းကာလမှစ၍ ၂၀ရာစု တခုလုံးနှင့် ယခု၂၁ရာစုဦးပိုင်းအထိ လူ့အခွင့် အရေးများ၊ ဒီမိုကရေစီရေး၊ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအရသာတို့ကို အပြည့်အဝမရရှိ၊ မခံစားခဲ့ရချေ။ လွတ်လပ်ရေးရပြီးနောက် (၁၉၅၈)ခုနှစ်မှစ၍ စစ်တပ်က အာဏာသိမ်းခဲ့သည်မှာ (၃) ကြိမ် (၃)ခါရှိလေပြီ။ (၁၉၅၈ –၅၉)ခုနှစ် ပထမအကြိမ် အာဏာသိမ်းစဉ်က ခြွင်းချက်နှင့် ဖြစ်သော်လည်း ပွဲဦးထွက်မှာပင် ကြမ်းကြမ်းရမ်းရမ်း ဆောင်ရွက်ခဲ့သည်။ ရန်ကုန် တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်ကျောင်း ဆောင်ကော်မတီမှ"တကသ" ကိုယ်စားလှယ် နှစ်ဦး ကိုထုတ်ပယ်ခဲ့သည်။ ကျောင်းသားသမဂ္ဂများကို ဖိနှိပ်ချုပ်ချယ်ခဲ့သည်။ အထက်တန်းကျောင်း များ၌လည်း (၂)ခါကျ ကျောင်းထုတ်စနစ်ကို ကျင့်သုံးလာသည်။ ကျောင်းသားခေါင်းဆောင်များ ဝရမ်းပြေးကြရ၊ အဖမ်းခံကြရ၊ ကိုကိုးကျွန်းအပို့ခံကြရ ဖြစ်ခဲ့သည်။ အခြားတိုးတက်သော အဖွဲ့အစည်းမှ

နိုင်ငံရေးသမားများ၊ တသီး ပုဂ္ဂလများကိုလည်း ဖမ်းဆီး၍ ကိုကိုးကျွန်းစီမံကိန်းကို စခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်၊ ဒုတိယအကြိမ် စစ်တပ်မှ အာဏာသိမ်းပြန်သည်။ ( စပ်စ်မီမိသိုက် ) သေနတ်မှန် သေဆုံးခဲ့သည်။ သွေးစွန်းသော အာဏာသိမ်းမှု ဖြစ်ခဲ့သည်။ ပြည်ထောင်စုကြီးမပြိုကွဲရန် တပ်မတော်မှ အချိန်မီ ကယ်တင်လိုက်သည်ဟူသော လိမ်ညာမှုနှင့် အာဏာသိမ်းခြင်းဖြစ်သည်။ ကျောင်းသားသမဂ္ဂများနှင့် နိုင်ငံရေးပါတီများကို အပြီးဖျက်သိမ်း ဖိနှိပ်ခဲ့သည်။ ဟန်ပြ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပပြီးဖျက်ဆီးရပ်စဲခဲ့သည်။ ဒီမိုကရေစီရေးနှင့်ငြိမ်းချမ်းရေးကို လိုလားကြသော ပြည်သူများစွာကို ဖမ်းဆီးထောင်ချခဲ့သည်။ ဒုတိယအကြိမ် ကိုကိုးကျွန်းစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ ကျောင်းသားများစွာသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများရှိရာသို့ တောခိုသွားကြသည်။ “မဆလ”တပါတီအာဏာရှင်စနစ်အောက်တွင် တိုင်းပြည်မှာ များစွာ ပင်ဆင်းရဲတွင်းနက်ခဲ့ရသည်။ (၁၉၈၈) ခုနှစ် စစ်တပ်သည် တတိယအကြိမ်မြောက်အဖြစ်မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို အပြီးအပိုင်သိမ်းပိုက်လိုက်ကြသည်။ပါတီစုံစနစ်ထူထောင်ပေးမည်၊ ရွေးကောက်ပွဲကျင်းပပေးမည်၊ ပြည်သူထံအာဏာအပ်မည်၊ စစ်တန်းလျား ပြန်မည်ဟု ကတိတွေအထပ်ထပ်ပေးခဲ့သည်။ သို့သော်အားလုံး အလိမ် အညာစကားများသာ ဖြစ်ခဲ့သည်။ ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲရလဒ်ကို ပစ်ပယ်ပြီး အာဏာကို ယခုထိဆုပ်ကိုင်ထားခဲ့သည်။ ကျောင်းသား၊ လူငယ်၊ အမျိုးသမီး၊ ရဟန်းပြည်သူများကို ဖမ်းဆီး သတ်ဖြတ်၊ ညှင်းပန်းနှိပ်စက်ထောင်ချခဲ့သည်။ ဤလုပ်ရပ်များမှာ ယခုတိုင် မရပ်ဆိုင်းသေးပေ။ စစ်တပ်မှ အာဏာသိမ်း၍ စစ်အာဏာရှင်စနစ် ထူထောင်ရာတွင် တကြိမ်ထက်တကြိမ် ပို၍ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးများကို ပို၍ ပို၍ ရိုက်ချိုးခြင်းပြုလာသည်။ ယခု “နအဖ”လက်ထက်တွင်ကား လူ့အခွင့်အရေးနှင့်

ဒီမိုကရေစီတို့ လုံးဝအမှောင်ကျနေပြီဖြစ်သည်။ မြန်မာပြည်သူတို့သည် နည်းလမ်းမျိုးစုံ၊ ပုံစံမျိုးစုံတို့ဖြင့်“ဒီမိုကရေစီရရှိရေး”အတွက် လှုပ်ရှားတိုက်ပွဲဝင်လျက်ရှိသည်။ တကယ်တော့မြန်မာပြည်သူတို့သည် နှစ်ပေါင်းကြာမြင့်စွာကပင် ဒီမိုကရေစီနှင့်လူ့ အခွင့်အရေးတို့ကိုလိုလား တောင့်တနေခြင်းဖြစ်သည်။ဒီမိုကရေစီတိုက်ပွဲများကိုပုံသဏ္ဍာန်မျိုးစုံနှင့် လှုပ်ရှားဆင်နွှဲနေခဲ့ကြသည်မဟုတ်ပါလား။ ဒီမိုကရေစီရှာပုံတော်ခရီးရှည်ကြီးကို ချီတက်နေကြသည် မဟုတ်ပါလား။

(၂)

ဆရာဒဂုန်တာရာက “နှစ်ကာလတို့သည် နောက်တွင်ကျန်ရစ်ကာကုန်လွန်ကြသော်လည်းဖြတ်ခနဲ မြင်တွေ့ခဲ့ရသော ပုံကားချပ်တို့မှာ စိတ်ကူးမှန်ရိပ်တွင် ပျောက်ကွယ်၍မသွား၊ တချို့ ဝိုးတဝါး၊ တချို့ ထင်ရှား”ဟု ရေးဖွဲ့ခဲ့သည်။ ကျွန်ုပ်အနေနှင့်လည်း ၁၉၆၀ – ၆၁ ခုနှစ်ထုတ် “အိုးဝေ”မဂ္ဂဇင်းတွင် ပါရှိသော “တကသ” အမှုဆောင်များ စုပေါင်းရိုက်ကူးထားသော ဓါတ်ပုံလေးကိုကြည့်ရင်း စိတ်ကူးပုံရိပ်များက ထင်ရှားလာပါတော့သည်။ မဂ္ဂဇင်းစာရွက်တို့ကလည်း ဟောင်းနွမ်းဝါကျင်၍ နေပါပြီ။ ဆွေးမြေ့လုလုလည်း ဖြစ်နေကြပြီ။ စိတ်ကူးအတွေးပုံရိပ်ကမူ စိမ်းမြလတ်ဆတ်လျက်။

ဓါတ်ပုံ၏ နောက်တန်းအလယ်မှာ “တကသ”အဆောက်အဦထိန်း ဦးကံသိန်းက တိုက်ပုံအနက်နှင့်ခန့်ညားလျက်။ ဦးခေါင်းမှာတော့ အဘ ၏ ဟန်အတိုင်း ပုံစံမပျက် ပုဝါဖြူရစ်ပတ်ထားလျက်။ ကျွန်ုပ်တို့ ကျောင်းသားများက“အဘ”ဟုခေါ်ခဲ့သော “တကသဥစ္စာစောင့်ကြီး”။ “တကသ” စတည်သည်မှ “တကသ”ဖောက်ခွဲဖျက်ဆီး ခံရချိန်အထိ “အဘ”သည် “တကသ”နှင့်မကွဲမကွာ၊ မခွဲမခွာအတူရှိခဲ့သူ ဖြစ်သည်။ ကျောင်းသားခေါင်းဆောင် ကိုနု၊ ကိုအောင်ဆန်း၊ ကိုဗဟိန်းတို့မှသည် နောက်ဆုံးကိုတင်အေး၊ ကိုဗဆွေလေး၊ ကိုလှရွှေတို့အထိ “အဘ” က “တကသ” နှင့်မခွဲခဲ့။

"တကသ"မှာ နေထိုင်ခဲ့သူ။ ပုသိမ်တင်လတ်သာ၏ "ဘ" ဆောင်းပါးမှ ဦးကံသိန်း ပြောခဲ့သော စကားများကို ကြားယောင်လာသည်။

"ဘ"အထင်တော့ ဗမာအမျိုးသားထဲကဒရဝမ်လုပ်တာ "ဘ"ဟာ ပထမဆုံးပဲထင်တယ်။ ဒီအလုပ်ဟာ အင်မတန်မှ သစ္စာရှိရတဲ့ အလုပ်မျိုးလားကွဲ့ ...။ "ဘ"မရောက်ခင်ကဆိုရင် တက္ကသိုလ်မှာ ကုလားဒရဝမ်တွေချည်းပဲကွဲ့၊ ဗမာဆိုလို့ "ဘ"တယောက်တည်းပဲ။

"ခု "ဘ"မြေးမ တက္ကသိုလ်ရောက်နေပြီ။ "ဘ"ကတော့ ဗမာစာပဲ တတ်တယ်။ ဒရဝမ်သားမြေးက တက္ကသိုလ်ရောက်တယ်ဆိုတာ "ဘ"ဂုဏ်ယူမဆုံးပါဘူး။ ပြီးတော့ "ကံသိန်း" "တကသ ဒရဝမ်"လို့ လက်မှတ်ထိုးရတာ "ဘ"အင်မတန် ဂုဏ်ယူတယ်"ဟု ဆိုခဲ့ရှာသူ အဘ ဦးကံသိန်းတယောက် မရှိရှာတော့ပြီ။ ကွယ်လွန်သွားခဲ့ရှာလေပြီ။

(၃)

(၁) – ကိုတင်အေး –

၁။ "တကသ"အမှုဆောင် (၁၁)ယောက်အနက်ရှေ့တန်းအလယ်တွင်ကျွန်ုပ်တို့ရဲ့ဥက္ကဋ္ဌကိုတင်အေး။"တကသ"ဥက္ကဋ္ဌများသာထိုင်ရသော ခွပ်ဒေါင်းရုပ်ထုပါရှိသည့် ကျွန်းသားကုလားထိုင်ကြီးတွင်ခန့်ညားစွာထိုင်လျက်။ တိုက်ပုံ၊ မောင့်ကျက်သရေခေါင်းပေါင်း နှင့် မျက်မှန်တပ်လျက် အထူးပင် ရင့်ကျက်တည်ကြည်နေသည်။ကျွန်ုပ်တို့က ဥက္ကဋ္ဌကြီးဟုခေါ်သူ ကိုတင်အေး၏ ပုံစံက တောင့်တောင့်တင်းတင်း ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် လူပုံချောတယောက်။ စိတ်သဘောထားကောင်း၍ ဖော်ဖော် ရွေရွေဆက်ဆံတတ်သည်။ ကျွန်ုပ်တို့ထက် အသက်ရော၊ အတန်းပါကြီးသူ ဖြစ်သည်။ ထိုစဉ်က ဘွဲ့ရပြီး၍ ဥပဒေတန်းပင် တက်နေပြီ။ ထိုနှစ် "တကသ" ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ဘက်မရှိ အရွေးခံခဲ့ရသူဖြစ်သည်။ စာရင်း တင်ထားသော ယှဉ်ပြိုင်ဘက် ကျောင်းသား

များက မိမိတို့ဆန္ဒအလျောက် နုတ်ထွက်သွားကြ၍ ကိုတင်အေးမှာ ရွေးကောက်ပွဲပင် မဝင်လိုက်ရဘဲ "တကသ ဥက္ကဋ္ဌ"ဖြစ်ခဲ့သည်။ ကိုတင်အေးသည် အမှတ်(၂၉)ဦးမြောက် "တကသ ဥက္ကဋ္ဌ"ဖြစ်သည်။ ၁၉၅၆ – ၅၇ ခုနှစ် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် အင်္ဂလိပ်စာတည်းအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသည်။ "တကသ"၏ ပထမဆုံးဥက္ကဋ္ဌဖြစ်ခဲ့သူ လွှတ်တော်ရှေ့နေကြီး ဦးကျော်ခင်က ကိုတင်အေးအား ကျမ်းသစ္စာကျိန်ဆိုပေးခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲကို "တကသ" ခန်းမမှာ ကျင်းပခဲ့သည်။ အစဉ်အလာအရ ကျမ်းသစ္စာကျိန်ဆိုပွဲနေ့၌ ကျောင်းနေ့တဝက် ပိတ်ပေးလေ့ရှိသော်လည်း ထိုနှစ်၌ ပါမောက္ခချုပ်က ကျောင်းကို နေ့ဝက် ပိတ်မပေးခဲ့ပါ။

ကိုတင်အေး ဥက္ကဋ္ဌဖြစ်သောနှစ်က တက္ကသိုလ်တွင် ပြဿနာပေါင်း သောင်းခြောက်ထောင်ရှိခဲ့သည်။ အခက်အခဲ အကျပ်အတည်းများ သောနှစ်ဟု ဆိုနိုင်သည်။ ကျောင်းသားလှုပ်ရှားမှု တိုက်ပွဲများမှာလည်း ပြင်းထန်လှသည်။ ကမောက်ကမပညာရေးတိုက်ပွဲ၊ ကူမင်တန် တရုတ်ဖြူ ကျူးကျော်မှု ဆန့်ကျင်ရေးတိုက်ပွဲ၊ ကျောင်းဆောင်ကော်မတီတွင် "တကသ"ကိုယ်စားလှယ် နှစ်ဦးပါဝင်ရေးတိုက်ပွဲ၊ ……စသဖြင့် တိုက်ပွဲများ ဆက်နေသည်။ကျောင်းဆောင်စည်းကမ်းပြဿနာ၊ ကျောင်းဆောင် မလုံလောက်သောပြဿနာ ၊ ဆေးသိပ္ပံနှင့်အင်ဂျင်နီယာဝင်ခွင့် အရည်အချင်း စစ်ပြဿနာ၊ ပါမောက္ခချုပ် ခန့်ထားရေး ပြဿနာ၊ နောက်ဆက်တွဲ စာမေးပွဲ ကျင်းပရေးပြဿနာ… …စသဖြင့် ပြဿနာများ များလှသည်။ တိုက်ပွဲများ၊ ပြဿနာများ ကြားထဲမှ "တကသ"နှစ် – ၃၀ ပြည့်မြောက် အထိမ်းအမှတ်၊ ပဥ္စမအကြိမ် ကျောင်းသားပွဲတော်ကြီးကိုလည်း ဥက္ကဋ္ဌကိုတင်အေးမှ ကြီးမှူး ကျင်းပခဲ့သေးသည်။ ပွဲတော်ကျင်းပရေးတာဝန်ကား ကြီးလေးလွန်းလှသည်။ သည်ကြားထဲ "အိုးဝေ"မဂ္ဂဇင်း (၂၅)နှစ်မြောက် အထူးထုတ် ထုတ်ဝေရေး ကိုလည်း ဆောင်ရွက်ခဲ့သေးသည်။

"တကသဥက္ကဋ္ဌ"ကိုတင်အေးသည် ဥပဓိရုပ်ခန့်ညားတင့်တယ်

သလို အပြောအဟောလည်း ကောင်းသူဖြစ်သည်။ ကျောင်းသား ခေါင်းဆောင်ပီသ၍ ကျောင်းသားများ၏ အခက်အခဲပြဿနာများကို ဦးဆောင်ဖြေရှင်းပေးခဲ့ သည်။ ကျောင်းသားလှုပ်ရှားမှုတိုက်ပွဲများကို နောက်မတွန့်ဘဲ ခေါင်းဆောင်မှုပေးခဲ့သည်။ "တကသ"အမှုဆောင် အစည်းအဝေးတိုင်းကို မပျက်မကွက်တက်ရောက်ခဲ့သူ ဥက္ကဋ္ဌမျိုးလည်း ဖြစ်သည်။ အစည်းအဝေးခေါ်ယူသည့် အကြိမ်ပေါင်း (၁၈)ကြိမ် ရှိခဲ့ရာ (၁၈) ကြိမ်စလုံး တက်ခဲ့သူဖြစ်သည်။ ဤသည်က ကိုတင်အေး၏ ကျောင်းသား အရေးကိစ္စအပေါ် အလေးအနက်ထားမှုကို ထင်ဟပ်ပြသလိုက်ခြင်းဖြစ်သည်။ "တကသ ဥက္ကဋ္ဌ"တာဝန်ကျေသူ ခေါင်းဆောင်ကောင်းတဦးဖြစ်ကြောင်း ဖော်ပြခြင်းလည်း ဖြစ်ပေသည်။

နောက်တော့ ကိုတင်အေးနှင့်ကျွန်ုပ်တို့ ဝေးသွားခဲ့သည်။ ကျွန်ုပ်တို့ ဥက္ကဋ္ဌက ရှေ့နေဘဝမှာကျင်လည်နေသည်။ ဥပဒေဘက်တော်သားကြီး ဖြစ်နေပြီ။ ဒီမိုကရေစီဥပဒေသမား ဖြစ်နေပေလိမ့်မည်။ကျွန်ုပ်တို့ ကျောင်းသား များ ကိစ္စနှင့် သွားရောက်အကူအညီတောင်းတိုင်း ပေးတတ်သူဖြစ်သည်။ ရန်ကုန်ထောင်ကြီး(မဖျက်မီ)အတွင်းသို့လည်း အလည်သွားရောက်ဖူးခဲ့ပြီ ။ ယခု"နအဖ"ခေတ်တွင်ကျွန်ုပ်တို့ ဥက္ကဋ္ဌ ကိုတင်အေးအား အင်းစိန်အကျဉ်း ထောင်ထဲတွင် ပြန်လည်တွေ့ခဲ့ရသည်။ ယခင်ကလိုခန့်သော၊ ချောသော ကိုတင်အေးမဟုတ်တော့။ ခါးအနည်းငယ် ကုန်းနေသော ရှေ့နေ ကြီးဦးတင် အေး ဖြစ်နေလေပြီ။ နှစ်ကာလတို့သည်လည်း ကုန်လွန်ခဲ့ကြပြီ မဟုတ်ပါလား။ မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှု သမိုင်းစာအုပ်နှင့် ပတ်သက်သောအမှုဖြင့် အဖမ်းခံနေရခြင်း ဖြစ်သည်။ ပြစ်ဒဏ် (၇)နှစ် ကျခံ နေရကြောင်းသိရသည်။ ကျွန်ုပ်တို့ ဥက္ကဋ္ဌသည် ကျောင်းသားသမဂ္ဂစိတ်ဓါတ်၊ ကျောင်းသား သမဂ္ဂ သံယောဇဉ် ကြီးမားသူဖြစ်ကြောင်း တွေ့ရှိရသည်။ ကျွန်ုပ်က အဝေးမှနေ၍ လေးစားကျေနပ်မိသည်။ နောက်၊ တောင်ငူအကျဉ်းထောင်သို့ ပြောင်းရွှေ့ ခံရကြောင်း ကြားသိရသည်။ အသက်အရွယ်နှင့် ကျန်းမာရေးသည် ကြမ်းတမ်းလွန်းသော အကျဉ်းထောင် ဘဝ နှင့် မလိုက်ဖက်နိုင်ပါ။ စိတ်ဓါတ်က

ကြုံခိုင်သော်လည်း ခန္ဓာကိုယ်က ယိုယွင်းခဲ့ပြီ။ကျန်းမာရေး အခြေအနေဆိုး၍ အပြင်လောကပြန်ရောက်ပြီးနောက် တစ်လပင်မခံတော့ပါ။ နှင်းဆီကုန်း အထူးကုဆေးခန်းတွင် တက်ရောက် ကုသနေစဉ် ကွယ်လွန်သွားခဲ့သည်။ ကျွန်ုပ်တို့ အထူးစိတ်မကောင်း ဖြစ်မိကြရသည်။

ဒီမိုကရေစီ ရှာပုံတော်ခရီးတွင် ကျွန်ုပ်တို့ ကိုတင်အေးကို ဆုံးရှုံးခဲ့ရပြီ။ ဤခရီးသည် ပန်းခင်းလမ်းမဟုတ်။ ကြမ်းတမ်းခက်ခဲမှုများ၊ အချိုးအကွေ့အကောက်များ၊ အပြောင်းအလဲများစွာ၊ အတွေ့အကြုံများစွာ ပြည့်လျှမ်းနေခဲ့သည်။ "တကသ"အမှုဆောင်(၁၁) ဦးသည် မိမိတို့ကိုယ်စီ မိမိတို့၏ ကိုယ်ပိုင်သမိုင်းကို ထုဆစ်ပုံဖော်၍ ဘဝလမ်းကြောင်း လျှောက်လှမ်းခဲ့ကြသည်။ လျှောက်လှမ်းနေဆဲလည်း ဖြစ်သည်။ အချို့ကတော့ ပုံစံအမျိုးမျိုး၊ အကြောင်း အမျိုးမျိုးနှင့် ကွယ်လွန်သွားကြရှာပြီ။ သူတို့အကြောင်း တစေ့ တစောင်း တိမ်းငဲ့ကြည့်လိုက်တော့ စိတ်မကောင်းဖြစ်မိရသည်။ အားလုံးမှာ ကျွန်ုပ်နှင့် ခင်မင်ရင်နှီးသူများသာ ဖြစ်ကြပါသည်။

## (၂) – ကိုထွန်းကြည် –

၂။ ဓါတ်ပုံ၏ အလယ်တန်းမှ နိုင်ငံခြားဆက်သွယ်ရေးဌာန တာဝန်ခံ ကိုထွန်းကြည်သည် ကျွန်ုပ်တို့ထက် အသက်ရော အတန်းပါကြီးသူဖြစ်သည်။ ကျွန်ုပ်တို့၏ အစ်ကိုကြီးသဖွယ်ဖြစ်ခဲ့သည်။ သူက ဆေးသိပ္ပံသမဂ္ဂမှ တပ်ဦး ကျောင်းသား ဆရာဝန်လောင်းဖြစ်သည်။ သူ့အမည်အစား "အဘ"ဟု ကျွန်ုပ်တို့က ခေါ်ခဲ့ကြသည်။

သူကကွမ်းအလွန်ကြိုက်သည်။ အသားညိုညို၊ ကိုယ်လုံးတောင့် တောင့်၊ အရပ်အမောင်းကောင်းကောင်း ၊ မျက်မှန်အထူကြီးနှင့် စာလည်း အတော်ဖတ်သူဖြစ်သည်။ နိုင်ငံရေးကို ကြိုတင်ဟောကိန်းထုတ်ရာ၌လည်း နာမည်ကြီးသူဖြစ်သည်။ လေ့လာအားကောင်းသူပီပီ သူ၏ ထင်မြင် ယူဆချက်များက မှန်ကန်နေတတ်သည်။ ထို့ကြောင့် အများကသူ့ကိုအထင်

ကြီးလေးစားကြသည်။ သူ၏ထူးခြားချက်ကခပ်အေးအေးနေတတ်ပြီး အမြဲလိုလို ကွမ်းဝါးနေ လေ့ရှိသည်။ သူနှင့်အမြဲတွဲနေသူက ကွမ်းထုပ်ဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ အရေးတော်ပုံတွင် ပါဝင်ခေါင်းဆောင်ခဲ့ပြီး ရှောင်တိမ်းဝရမ်းပြေးနေခဲ့သည်။ ကျောင်းသားခေါင်းဆောင်များကို ထောက်လှမ်းရေးများက လာရောက်ဝိုင်းဖမ်းစဉ် သူက ထောက်လှမ်းရေးများ ကို ခုခံထိုးကြိတ်ပြီးလွတ်မြောက်သွားခြင်းဖြစ်သည်။ ပြည်တွင်း ငြိမ်းချမ်းရေး လှုပ်ရှားမှု တွင်လည်း တက်ကြွစွာပါဝင်ခဲ့သည်။ ငြိမ်းချမ်းရေးပျက်သောအခါ ကျောင်းသားများ တောခိုရာ၌ ပါဝင်ခဲ့ပြီး တောတွင်းတိုက်ပွဲတနေရာတွင် ကျဆုံးသွားခဲ့ရရှာသည်။

(၃) – ကိုမင်းထွေး –

၃။ ကစားခုန်စား နှင့် ယဉ်ကျေးမှုဌာန တာဝန်ခံအမှုဆောင်မှာ ကိုမင်းထွေးဖြစ်သည်။ အသားဖြူဖြူ ၊ ကိုယ်လုံးကျစ်ကျစ်၊ အရပ်ပျပ်ပျပ်နှင့် လူရည်သန့်တဦး ဖြစ်သည်။ သူကမော်လမြိုင် ကောလိပ်မှပြောင်းလာသူ ဖြစ်၍ ကျောင်းသားသမဂ္ဂအတွေ့အကြုံများသည်။ မော်လမြိုင်ကောလိပ်မှ ကျောင်းသားခေါင်းဆောင်တဦးလည်းဖြစ်သည်။ ၁၉၆၂ခုနှစ် “မဆလ” ပါတီ ဖွဲ့စည်းသောအခါ ကျောင်းသား ခေါင်းဆောင်ထဲ အဦးဆုံး မဆလ” ပါတီသို့ ကူးပြောင်းဝင်ရောက်သွားခဲ့သည်။ တချိန်က လမ်းစဉ်လူငယ်ဗဟို ကော်မတီဝင်အဖြစ် အထူးနာမည်ကြီးခဲ့သည်။ နောင်တွင် “မဆလ” ပါတီမှ ဖယ်ထုတ်ခြင်းခံရသော်လည်း နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ချီးမြှင့်ခြင်း ခံရသည်။

(၄) – ကိုလှကြည် –

၄။ “တကသ”၏ လူထုဆက်သွယ်ရေးဌာန တာဝန်ခံအမှုဆောင်က ကိုလှကြည်ဖြစ်သည်။ ကိုလှကြည်ကမြစ်ဝကျွန်းပေါ်သား ဘိုကလေးမြို့မှ ဖြစ်သည်။ အသားဖြူဖြူ ကိုယ်လုံးတုတ်တုတ်နှင့် အရပ်အနည်းငယ်ပု၍ ကော်ပတ်ရုပ်မျက်နှာနှင့် တူသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ကိုလှကြည်ကို “ကိုကော်ရုပ်”ဟုသာခေါ်ကြသည်။ နယ်ကျောင်းသားသမဂ္ဂအတွေ့အကြုံ ကြီးသူ

ဖြစ်သည်။ "တကသ"တွင် ကိုလှကြည်(၂) ဦးရှိရာ သူ့ကို ဝက်လှကြည် ဟု လည်းခေါ်ကြသည်။ သူ့အိမ်က ဝက်ဒိုင်လုပ်ငန်း လုပ်သောကြောင့် ဖြစ် သည်။ အဆောင်နေကျောင်းသားတဦးဖြစ်၍ မနတ္တလေးကျောင်းဆောင်တို့ တွင် " သဟာယနှင့်စာဖတ်အသင်း " အမှုဆောင်များလုပ်ခဲ့သည်။ ရန်ကုန် တက္ကသိုလ်ကျောင်းသားညီညွတ်ရေးတပ်ဦး (S.U.F) အတွင်းရေးမှူး တာဝန် ကိုလည်း ယူခဲ့ဖူးသည်။ (၇)ရက် ဇူလိုင်ကျောင်းသားအရေးတော်ပုံ ခေါင်းဆောင် တဦးလည်းဖြစ်၍ (၆)ကြိမ်မြောက် "ဗကသ"ညီလာခံကြီး ကျင်းပနိုင်ရေး အတွက် အထက်မြန်မာပြည် စည်းရုံးရေးတာဝန်ကိုလည်း ဆောင်ရွက်ခဲ့သေးသည်။ ပြည်တွင်းငြိမ်းချမ်း ရေးဆွေးနွေးပွဲအောင်မြင်ရေး အတွက်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။ ငြိမ်းချမ်းရေးပျက်သောအခါ မြစ်ဝကျွန်း ပေါ်တိုင်း ဗမာပြည်ကွန်မြူနစ်ပါတီသို့ တောခိုသွားခဲ့သည်။ ဖျာပုံခရိုင် တောတွင်းတိုက်ပွဲတခုတွင် အဖမ်းခံရပြီး ကိုကိုးကျွန်းသို့ အပို့ခံရသည်။ ကျွန်း ဖျက်သိမ်းရေးတိုက်ပွဲများတွင် ပါဝင် လှုပ်ရှားခဲ့ပြီး ကိုယ်အောက်ပိုင်း အကြော များထိခိုက်ချိနဲ့သွားခဲ့ရသည်။ ကိုကိုးကျွန်းမှလွတ်မြောက်ခဲ့သော်လည်း လမ်းကောင်းစွာမလျှောက်နိုင်ဘဲ ဒုက္ခိတဘဝသို့ရောက်ရှိခဲ့ရသည်။

စိတ်ဓါတ်ကြံ့ခိုင်သူပီပီ ဘဝကို လက်မြှောက်အရှုံးမပေးဘဲ ဒီမိုကရေစီ တိုက်ပွဲများ၌ ဆက်လက်ပါဝင်လှုပ်ရှားခဲ့ပြန်သည်။ ယခုမူ ကျွန်ုပ်တို့၏ ကော်ပတ်ရုပ်ကလေးမရှိတော့ချေ။ ပျောက်ဆုံးသွားခဲ့လေပြီ။ ကွယ်လွန်သွား ရှာလေပြီ။ ရုပ်တည်ချက်၊ ယုံကြည်ချက်ကောင်းမွန်၍ ရဲဘော်ရဲဘက် စိတ်ဓါတ် ကြီးသူ ကျောင်းသားခေါင်းဆောင်တဦး ဖြစ်၍ ကျွန်ုပ်တို့မှာ မေ့မရနိုင်ပါ။

(၅) – ကိုမြသိန်း –

၅။ "တကသ"၏ စာကြည့်တိုက်ဌာနမှူး တာဝန်ခံအမှုဆောင်မှာ ကိုမြသိန်းဖြစ်သည် ။ ထီးတန်းကောလိပ်မှ အောင်မြင်ခဲ့သူဖြစ်၍ တက်ကြွသော ကျောင်းသားတဦးဖြစ်သည်။ "တကသ"အမှုဆောင် အစည်းအဝေး

တက်ရောက်ရာ၌ အကြိမ်အနည်းဆုံးတက်ရောက်သူဖြစ်သည်။ ကိုမြသိန်း၏ စာကြည့်တိုက်ကော်မတီ၌ ကိုမြသန်း( ယခုမင်းဇင်၏အဖေ )နှင့် ကိုစိုးဝင်း (လူထုဦးလှ၊ ဒေါ်အမာတို့၏ သားကြီး)တို့လည်း ပါဝင်ခဲ့သည်။ ကိုမြသိန်း သည် "မဆလ"ပါတီ သို့အဦးဆုံးဝင်ရောက်သွားသူ ဖြစ်သည်။ လမ်းစဉ် လူငယ်အဖွဲ့အစည်းတွင်ပါဝင်လှုပ်ရှားခဲ့ပြီးနောက် နောက်ဆုံးရန်ကုန်မြို့ ကျောက်တံတားပါတီယူနစ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် (၈၈) အရေးတော် ပုံကြီးဖြစ်ပွားခဲ့သည်။ ကိုမြသိန်းသည် မိမိဆန္ဒအလျောက် ပါတီယူနစ် ဥက္ကဋ္ဌ အဖြစ်မှ နုတ်ထွက်ပြီး ပြည်သူ့ဘက်သို့ ကူးပြောင်းရပ်တည်ခဲ့သည်။ ယခုမူ ကွယ်လွန်သွားခဲ့လေပြီ။ သူ"မဆလ"ဘက်တော်သားဖြစ်သွားသောအခါ ကျွန်ုပ်တို့ စိတ်မကောင်းဖြစ်ခဲ့ရသလို သူ ပြည်သူ့ဘက်သို့ ပြန်လည် ကူးပြောင်း လာသောအခါတွင်မူ ကျွန်ုပ်တို့ ဝမ်းမြောက် ဝမ်းသာကြိုဆိုခဲ့ပါသည်။

(၆) – ကိုသာဘန်း –

၆။ "တကသ"အမှုဆောင် (၁၁) ဦးတွင် (၆) ဦးက ကွယ်လွန်သွားခဲ့ ကြပါပြီ။ အသက်ရှင်လျက်ကျန်ရှိသူ(၅)ဦးအနက်ကို သာဘန်းလည်း ပါဝင်ပါသည်။ ကိုသာဘန်းက "တကသ"ကျောင်းသားသက်သာချောင်ချိ ရေးဌာနမှူးဖြစ်ပါသည်။ ရခိုင်လူမျိုးစုကျောင်းသားတဦးဖြစ်၍ သွက်လက် ဖြတ်လတ် တက်ကြွသူတဦးဖြစ်သည်။ သူ့ နဖူးပေါ်က မှည့်ကြီးတလုံးက ထင်ရှားသော အမှတ်အသားဖြစ်သည်။ စကားကိုလည်းသွက်သွက်နှင့် များ များပြောတတ်သူဖြစ်သည်။ "တကသ"အောက်ထပ်က သက်သာချောင်ချိရေး အရောင်းကောင်တာမှာ အမြဲလိုလိုတွေ့ရတတ်သည်။ "တကသ"မှာ ရခိုင်လူမျိုးစု ကျောင်းသားရဲဘော် အတော်များများရှိပါသည်။ ထိုအထဲ မှာ ကိုသာဘန်းသည် ရှေ့တန်းရောက်သော ခေါင်းဆောင်တဦးဖြစ်ပြီး ရခိုင် လူမျိုးစုအသင်း၌လည်း လှုပ်ရှားပါဝင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ၁၉၅၃ ခုနှစ်၊ အောက်တိုဘာအရေးအတော်ပုံကြီးကို သိမီလိုက်သူဖြစ်၍ ကျောင်းသား

လှုပ်ရှားမှုတိုက်ပွဲ အတွေ့အကြုံများသူ ဖြစ်သည်။ အသိအကျွမ်း အပေါင်း အသင်းလည်း အတော်များသဖြင့် "တကသ"အတွက် ရံပုံငွေ ရှာဖွေရာ၌ အားကိုးရသော ရဲဘော်တဦးဖြစ်ပါသည်။ ကျောင်းကထွက်ပြီး ကြေးမုံ သတင်းစာတိုက်မှာ လုပ်ကိုင်နေကြောင်း သိရပါသည်။ နောက် ထုတ်ပယ်ခံရ ကြောင်းကြားရပြန်သည်။ (၈၈)ခုနှစ် အရေးတော်ပုံကြီးတွင်လည်း တက်ကြွ စွာ ပါဝင်လှုပ်ရှားခဲ့ ပြန်သည်။ စစ်အကျဉ်းထောင်ထဲသို့ ရောက်သွားပြီး သူ့ ကျောင်းသားရဲဘော်ဟောင်းများနှင့် ပြန်ဆုံတွေ့ကြသည်။ အကျဉ်းထောင်မှ ပြန်လွတ်လာသောအခါတွင်လည်း နိုင်ငံရေးလမ်းကြောင်းပေါ်မှာပဲ သူဆက်လျှောက်နေခဲ့သည်။ ဝါရင့်နိုင်ငံရေးသမားကြီးများ (၂၃)ဦး အဖွဲ့မှာ လည်း သူပါဝင်ဆောင်ရွက်သည်။ ၁၉၉၈ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် အင်းစိန်အကျဉ်းထောင်ထဲသို့ဝင်ခဲ့ရပြန်သည်။ မြန်မာနိုင်ငံ ကျောင်းသား လှုပ်ရှားမှုသမိုင်း စာအုပ်နှင့် ပတ်သက်သော အမှုကြောင့် ဖြစ် သည်။ ထိုအမှု နှင့် ပတ်သက်ပြီး သူတို့ "တကသ"အမှုဆောင် (၃)ဦး ပြန် ဆုံတွေ့ ကြပါ သည်။ကိုတင်အေး၊ ကိုသာဘန်းနှင့် ကိုလှရွှေတို့ ဖြစ်ပါသည်။ ကိုတင်အေး နှင့် ကိုသာဘန်းတို့က (၇)နှစ်စီ ပြစ်ဒဏ်ချခံရပြီး ကိုလှရွှေကတော့ (၁၄) နှစ် ပြစ်ဒဏ်ချခြင်းခံရပါသည်။ ၎င်းအမှုနှင့် ပတ်သက်၍ သူတို့ (၃)ဦး အပြင် သူတို့၏ နောင်တော်သမဂ္ဂရဲဘော်ဟောင်းကြီးများပါ တသီကြီး ပါဝင်ခဲ့ကြ လေသည်။

(၇) – ကိုနန္ဒ –

၇။ ကိုသာဘန်းနှင့် ကပ်လျက်ထိုင်နေသူက ကိုနန္ဒပါ။ နာမည်က မြန်မာဆန်သလို လူကလည်း မြန်မာစာ ဂုဏ်ထူးတန်းတက်နေသူ၊ မြန်မာစာ တော် သူစာပေသမားတဦး ဖြစ်သည်။ စာတိုပေစများ၊ ဆောင်းပါးများ ကိုလည်း ရေးတတ်သည်။ သူ့ပုံဟန်မှာပုသေးပါးလျသော်လည်း သွက် လက်ချက်ချာ၍ စကားများများပြောတတ်သူ ဖြစ်သည်။ "တကသ" ပထမအသုတ် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ဘက်များကို မဲအပြတ် အသတ် နှင့်အနိုင်ရပြီး "တကသ" ငွေထိန်းနေရာကို ရရှိခဲ့သူဖြစ်သည်။ ကိုနန္ဒ

ငွေထိန်း ဖြစ်သောနှစ်မှာ "တကသ"နှစ် ၃၀ပြည့် အထိမ်းအမှတ်နှင့် ပဥ္စမအကြိမ် ကျောင်းသားပွဲတော်ကြီးကို ကျင်းပခဲ့သောနှစ်ဖြစ်၍ "တကသ"များ ရံပုံငွေ အထူးလိုအပ်နေခဲ့ပါသည်။ ထို လိုအပ်သောငွေများကို ငွေထိန်း တာဝန် ယူထားရသူက ရှာဖွေပေးရပါသည်။ ကိုနန္ဒသည် ရံပုံငွေ အရှာ ကောင်းသူ၊ အပြောကောင်းသူတဦးလည်းဖြစ်ပါသည်။ သည်နေရာတွင် သူနှင့်အတူ ပူးတွဲတာဝန်ယူရသူက ကိုသာဘန်းပါ။

(နောက်တပတ် ဆက်လက်ဖော်ပြပါမည်။)

တကသ ခေါင်းဆောင်ဟောင်းတဦး

(မှတ်ချက်။ ။ အခြေအနေ အကြောင်းကြောင်းကြောင့် ဤဆောင်းပါးပါ ဓာတ်ပုံများကို ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိပါ။ အယ်ဒီတာ)

*"ခေတ်အဆက်ဆက်က ပေးဆပ်ပြီးတော့ လူမသိသူမသိ အသက်တွေဘဝတွေ ပေးသွားရတဲ့ အညတရ နောင်တော်တွေ အမတော်တွေကို ကျနော်လှမ်းပြီးတော့ မြင်ယောင်မိတယ်။ ဒီလိုပဲ ကျနော်တို့နဲ့ (၈၈) လမ်းပေါ်မှာ ချီတက်ကြရင်းနဲ့ အသက်စွန့်သွားကြတဲ့ ရဲဘော်တွေကိုလည်း ကျနော်ပြန်ပြီးတော့ မြင်ယောင်ပါတယ်။ အရင်ခေတ်တွေမှာ သူတို့ရဲ့ ပေးဆပ်မှုတွေကို လူမသိသူမသိနဲ့ ဒီလိုဘဲ ချုပ်ငြိမ်းသွားရတယ်။ ကျနော်တို့ ခေတ်ကျမှ ဒီလိုအသိအမှတ်ပြုခံလာရတယ်ဆိုတာက တဘက်သတ်ကြည့်မယ်ဆိုရင် တော့ဝမ်းသာစရာပေါ့။ တဘက်ကလည်း အရင်တုံးက ဒီလိုအသိအမှတ်ပြု မခံခဲ့ရတဲ့လူတွေအတွက် ကျနော်တို့ ဝမ်းနည်းပါတယ်ဗျာ။"*

(နယူးယောက်အခြေစိုက် Northcote Parkinson Fund အဖွဲ့က ရဲစွမ်းသတ္တိရှိသော အရပ်သားများကို ချီးမြှင့်သည့် ၂၀၀၅ ခုနှစ်အတွက် Civil Courage Award ဆု ချီးမြှင့်ခံရပြီးနောက် ၁၉၈၈–၈၉ ကာလတွင် ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူ ကိုမင်းကိုနိုင်၏ ဗွီအိုအေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောခဲ့သည့်စကားမှ ကောက်နုတ်ဖော်ပြချက်။)

# အရိပ်မည်းဆိုတာ တစ္ဆေတစ်ကောင်ထက် ဆိုးတယ်

စစ်အစိုးရရဲ့ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားပေါင်း (၂၁၆၂) ယောက်ရှိတယ်။

ဒီအထဲမှာ (၂၃၃) ယောက်ဟာ ကျောင်းသားတွေဖြစ်တယ်။

ဒါဟာ ဘာကြောင့်လဲ။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကို ၆၅ နှစ် နှင့် ၆ လ စီ ထောင်ဒဏ်တွေချမှတ်တယ်။ ပြီးတော့ မိသားစုနှင့်ဝေးရာဝေးလံသီခေါင်တဲ့ထောင်တွေဆီ တစ်ယောက်စီ တစ်ယောက်စီ ခွဲထုတ်ပို့ပစ်လိုက်တယ်။

ဒါဟာ ဘာကြောင့်လဲ။

၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးကြီးအတွင်းမှာ ပါဝင်လှုပ်ရှားခဲ့ကြတဲ့ ကိုကျော်ကိုကိုတို့ မနှင်းပွင့်ဝေတို့ ကိုဒီငြိမ်းလင်းတို့ရဲ့ ဗကသများအဖွဲ့ချုပ်အဖွဲ့ဝင်တွေကို စွဲချက်တွေ တစ်ခုပြီးတစ်ခု ထပ်ထပ်တင်ပြီး တစ်မှုတိုင်းတစ်မှုတိုင်းအတွက် ထောင်ဒဏ်တွေ ထပ်ခါထပ်ခါ တိုး တိုး ချနေကြတယ်။

ဒါဟာ ဘာကြောင့်လဲ။

မိသားစုတွေက ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်ခက်ခက် အကျဉ်းကျကျောင်းသားတွေကို သွားရောက်တွေ့ဆုံတဲ့အခါ တွေ့ခွင့်မပြု ဘူးလို့ ပြောလိုပြော၊ ပါဆယ်ပဲ ပို့ခွင့်ပေးမယ်လို့ ဆိုလိုဆို၊ ဒီထောင်ကို ရောက်မလာသေးဘူးလို့ငြင်းလိုငြင်း ကိုယ်ခန္ဓာကို ထောင်ချထားတာတင် မဟုတ်တော့ဘဲ စိတ်ဓါတ်နှင့် နှလုံးသားကိုပါ ထောင်ချပစ်ဖို့ အရှူးအမူးကြိုးစားနေကြတယ်။

ဒါဟာ ဘာကြောင့်လဲ။

၂၀၀၈ ခုနှစ် စက်တင်ဘာမှာ အကျဉ်းသား ၉၀၀၀ ကျော်

လွှတ်တယ်၊ အခု ၂၀၀၉ ဖေဖော်ဝါရီမှာ ၆၀၀၀ ကျော်လွှတ်တယ်လို့ဆိုပြန်တယ်။ နအဖလွှတ်ပေးလိုက်တယ်ဆိုတဲ့ အဲဒီ ၁၅၀၀၀ကျော်ထဲမှာ ကျောင်းသား ဘယ်နှစ်ယောက်ကို ပြန်လွှတ်လိုက်တယ်လို့ ကျနော်တို့ ကြားရပါသလဲ။

ဒါဟာ ဘာကြောင့်လဲ။

အားလုံးသိပါတယ်၊ ကြောက်လို့ဖြစ်ပါတယ်။

ကျနော်တို့ကျောင်းသားတွေကို နအဖစစ်အုပ်စုက ကြောက်လည်းကြောက်ပြီး မုန်းလည်းမုန်းလို့ဖြစ်ပါတယ်။

ကျနော်တို့ကျောင်းသားတွေကို စစ်အစိုးရဟာ ဘာလို့ ဒီလောက်ကြောက်ရွံ့တုန်လှုပ်နေရတာလဲ။

ဘာလို့ ဒီလောက် အငြိုးတကြီးမုန်းတီးနေရတာလဲ။

ဒါဟာ စဉ်းစားစရာဖြစ်ပေမယ့် အဖြေက ရိုးရိုးလေးပါပဲ။

ကြောက်စရာကောင်းလို့ကို ကြောက်တာဖြစ်ပြီး မုန်းစရာကောင်းလို့ကို မုန်းတာဖြစ်ပါတယ်။

စစ်အုပ်စုအတွက် ကျောင်းသားတွေဟာ ကြောက်စရာ မုန်းစရာ ဘာကြောင့်ဖြစ်ခဲ့သလဲ။

တခုက ကျောင်းသားထုအပေါ် စစ်အုပ်စုက တောက်လျှောက်ကျူးလွန်ခဲ့တဲ့ အရုပ်ဆိုးလွန်းလွန်းလှတဲ့ အရိပ်မည်းကြီးကြောင့် ဖြစ်ပါတယ်။

နောက်တခုက ကျောင်းသားထုဆိုတာ ဘယ်လိုပိတ်ဆို့ တားဆီးထားပါစေ၊ ဘယ်လောက်ဖိနှိပ်ကန့်သတ်ထားပါစေ၊ အဲဒီအပိတ်အဆို့ အဖိအနှိပ် အကန့်အသတ်တွေအောက်ကကိုပဲ ဖောက်ထွက်တတ်၊ ဖောက်ထွက်ရဲတဲ့ သတ္တိထူးတွေ ပိုင်ဆိုင်ကြလို့ ဖြစ်ပါတယ်။

နောက်ဆုံးတခုက အမှန်တရားအတွက်ဆိုရင် တစ်ဦးချင်း အကျိုးတွေကို ဘေးဖယ်စွန့်လွှတ်ထားပြီး ဘယ်လိုအနစ်နာရာယ်မျိုးကိုပဲ ရင်ဆိုင်ရရင် ဆိုင်ရ ပေးဆပ်ရဲသူ ပေးဆပ်ဝံ့သူတွေဖြစ်လို့ ဖြစ်ပါတယ်။

“အရိုးတွေတောင်လိုပုံမှ ဗမာပြည်သူတွေ လွတ် မြောက်မယ်ဆိုရင်

ကျနော်တို့ကျောင်းသားတွေရဲ့အရိုးဟာ အောက်ဆုံးမှာရှိစေမယ်" လို့ဗကသများအဖွဲ့ချုပ်ခေါင်းဆောင် ကိုလှရွှေရဲ့မိန့်ခွန်းဟာ ၁၉၃၈ ဒီဇင် ဘာမှာပြောခဲ့တာဆိုပေမယ့် ဒီကနေ့ထိ ကျောင်းသားထုရင်ထဲမှာ ပဲ့တင်ထပ်နေတုန်းပဲ။

အာဏာသိမ်းစစ်အစိုးရက ပစ်ခတ်လိုက်လို့ သွေးအိုင်ထဲလဲကျ၊ ပွက်ပွက်ထနေတဲ့သူ့သွေးတွေကို သူ့လက်နှင့်လူးယူပြီး မနတ္တလေးဆောင် နံရံပေါ်မှာ "၇ – ၇ – ၆၂ မမေ့ကြနဲ့" လို့ တိုက်ပွဲဝင်ကျောင်းသား ကိုကျော်ဝင်း ရေးခဲ့တာ ၁၉၆၂ ခုနှစ် ဇူလိုင်လကလို့ ဆိုပေမယ့် ဒီနေ့ထိ အဲဒီနံရံပေါ်မှာ ပီသနေဆဲပဲ။

၁၉၇၄ ဦးသန့်အရေးလှုပ်ရှားမှု၊ ၁၉၇၅ မေ ဇွန် လှုပ်ရှားမှုတွေကို ဦးဆောင်ခဲ့ပြီး ၁၉၇၆ မတ်လ မှိုင်းရာပြည့်လှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ အတွက် စစ်အုပ်စုက ကြိုးပေးသတ်ဖြတ်ခဲ့တဲ့ ချင်းကျောင်းသား ဆလိုင်းတင်မောင်ဦးရဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ကြွေးကြော်သံဟာ ၁၉၇၆ ခုနှစ်က မြည်ဟိန်းခဲ့တာဆိုပေမယ့် ဒီနေ့အထိ ပြည်သူတွေကြားမှာ လှိုင်းထန်နေဆဲပဲ။

ဒါတွေကို ဘယ်သူဖျောက်ဖျက်ပစ်လို့ ရမှာလဲ။

သေချာတယ်၊ ဘယ်သူမှ ဘယ်နည်းနှင့်မှ ဖျောက်ဖျက်ပစ်ဖို့ မတတ်နိုင်ပါဘူး။

ဘယ်တော့မှ ပျောက်ပျက်သွားမှာလည်း မဟုတ်ဘူး။

ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ဆိုတာ တရားဝင်ဖွဲ့စည်းခွင့် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ...

တကာသ အဆောက်အဦကြီး ရှိနေသည်ဖြစ်စေ၊ မိုင်းခွဲဖြိုချပစ်လို့ အုတ်ပုံဖြစ်သွားသည်ဖြစ်စေ ...

ဒီအသံတွေကို ကျနော်တို့ အမြဲကြားနေတယ်၊ ဒီမြင်ကွင်းတွေကို ကျနော်တို့ အမြဲမြင်နေတယ်။

ဒီသမိုင်းတွေဟာ ကျနော်တို့ရင်ထဲမှာ အမြဲရှင်သန်နေတယ်၊ အမြဲသစ်လွင်နေတယ်။ ဘယ်လိုမှ အိုမင်းမသွားဘူး။

သမိုင်းထဲက သူရဲကောင်းတွေဖြစ်တဲ့ ကျနော်တို့ရဲ့ နောင်တော်မျိုးဆက်များရဲ့ ကြိုးဝါးသံတွေဟာ မျိုးဆက်သစ် အဆက်ဆက်တို့ အတွက် အားတက်စရာ လက်နက်ကောင်းတွေဖြစ်တယ်၊ မကုန်ခမ်းနိုင်တဲ့ လုပ်ငန်းလမ်းညွှန်တွေ ဖြစ်တယ်။

စစ်အစိုးရက ဗကသသမိုင်းကို ဖြတ်တောက်မှောင်ချပစ်ဖို့ ဘယ်လိုပင် ကြိုးစားကြိုးစား အဲဒီကြိုးစားမှုမှန်သမျှဟာ အချီးနှီးအားထုတ်မှုများသာ ဖြစ်လိမ့်မယ်။

ကျောင်းသားဆိုတာရှိနေသမျှ ကျောင်းသားသမဂ္ဂစိတ်ဓါတ်ဆိုတာ ဘယ်မှာငြိမ်းသတ်လို့ ရမှာလဲ။

ကျောင်းသားခေါင်းဆောင်တွေကို အကျဉ်းထောင်ထဲထည့်ထားရုံ၊ အစွန်အဖျားထောင်တွေဆီ ပို့ထားရုံမျှနှင့် ကျောင်းသားသမဂ္ဂ စိတ်ဓါတ်က ရေလယ်မှာ ဆားလှေမှောက်သွားသလို အစ ပျောက်သွားမယ်ထင်ရင် တကယ်တကယ်စင်အောင် လွဲလိမ့်မယ်။

စိတ်ချလိုက်ပါ။

ကျောင်းသားဟူသမျှ တစ်ယောက်မကျန် မူကြိုကျောင်းသားအစ ပီအိပ်ချ်ဒီ တက်နေသူအဆုံး ကျောင်းသားအားလုံးကို ထောင်ချထား ရင်တောင် ကျောင်းသားလှုပ်ရှားမှု၊ ကျောင်းသားတိုက်ပွဲနှင့် ကျောင်းသားအရေးတော်ပုံ တွေကို ဘယ်လိုမှ တန့်ရပ်သွားအောင် လုပ်လို့မရဘူးဆိုတာ စစ်အုပ်စု အသိဆုံး ဖြစ်ပါတယ်။

ဒါဟာ စစ်အုပ်စု အဆက်ဆက် လက်မခံချင်ပဲ လက်ခံထားရတဲ့ ငြင်းပယ်လို့ မရတော့တဲ့ တရားလည်း ဖြစ်ပါတယ်။ ။

လွှန်းဝသန်
၂၅-၂-၀၉

# မြေအောက်အစည်းအရုံး (အစည်းအရုံး)

အကြွင်းမဲ့လျှို့ဝှက်ကြံစည်ရေး (ပုန်ကန်ရေး)ဆိုတဲ့ အယူအဆဟာ အားလုံးသိတဲ့ စံပြပုံစံပါ။ အဲဒါကတော့အဖမ်းခံရမှာစိုးလို အခန်းကျဉ်းလေးထဲ တခါးပိတ်နေပြီးဘာမှမလုပ်တဲ့နည်းပါ။ နောက်တခု မြေအောက်ခန်းထဲမှာနေ၊ ကမ္ဘာ အနှံ့အရပ်လေးမျက်နှာကို ဆက်သားတွေလွှတ်နေတဲ့ လူကလည်း ပုန်ကန်ရေးလုပ်လို့မရပါ။ တကယ့် လျှို့ဝှက် ကြံစည်ရေးသမားဟာ ပုလိပ်က အလိုရှိနေတဲ့သူမဖြစ်စေရဘူး။ "နောက်ယောင်ခံ အလိုက်ခံနေရသူ" မဖြစ်စေရဘူး။ (ပိုလန်လျှို့ဝှက် ပုလိပ် တပ်ဖွဲ့)က သူ့အကြောင်းဘာမှ မသိသူသာ ဖြစ်ရမယ်။ အရပ်ဝတ်လျှို့ဝှက် ပုလိပ် တပ်ဖွဲ့ဝင်တွေနဲ့ တအိမ်ထဲအထပ်ခွဲနေပြီး၊ အလုပ်လုပ်နိုင်သူသာ ဖြစ်ရမယ်။ မြေအောက်အစည်းအရုံးလေး တခုကို သင် စတင်တည်ထောင်ပြီဆိုတာနဲ့ အရေးအကြီးဆုံးက ပထမ သင်နဲ့အတူတွဲဖက်ကြံစည် (ပုန်ကန်)မယ့်သူတွေကို

*"သင့် မြေအောက်အဆောက်အဦလေးကို အခြေခံတည်ဆောက်မိပြီဆိုတာနဲ့ နောက်လုပ်ရမဲ့အလုပ်က အခြားမြေအောက်အစုများနဲ့ ဆက်သွယ်မိဖို့ပါ။ တကယ်စစ်မှန်တဲ့ မြေအောက်အဖွဲ့အစည်းတခုမရှိဘဲနဲ့ ဆရာကြီးဂိုက် မဖမ်းပါနဲ့။ အဲဒီလိုလုပ်မိရင် တကယ်မရှိတဲ့ စိတ်ကူးယဉ်ဆန်တဲ့ မြေအောက် အဆောက်အဦကိုဖန်တီးမိလျက်သား ....."*

သင့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေထဲက ရှာဖွေပါ။ လူတွေဟာ သင် နှစ်ပေါင်းများစွာ သိခဲ့သူ၊ နောက်ကြောင်းရှင်းသူတွေ ဖြစ်ရပါမယ်။ သင့် မြေအောက် အဆောက်အဦလေးကို အခြေခံ တည်ဆောက်မိပြီဆိုတာနဲ့ နောက် လုပ်ရမဲ့အလုပ်က အခြား မြေအောက်အစုများနဲ့ ဆက်သွယ်မိဖို့ ပါ။ တကယ် စစ်မှန်တဲ့ မြေအောက်အဖွဲ့အစည်း တခုမရှိဘဲနဲ့ ဆရာကြီးဂိုက် မဖမ်းပါနဲ့။ အဲဒီလိုလုပ်မိရင် တကယ်မရှိတဲ့ စိတ်ကူးယဉ်ဆန်တဲ့ မြေအောက် အဆောက်အဦကို ဖန်တီးမိလျက်သား ဖြစ်နေလိမ့်မယ်။ သင့်လိုဘဲ စိတ်ကူး ထဲမှာသာ မြေအောက်အဆောက်အဦရှိတဲ့သူတွေ နဲ့ ဆက်သွယ်မိလျက်သား ဖြစ်နေလိမ့်မယ်။

လိုတာက လုံ့လ၊ ဝီရိယရှိတဲ့၊ ရိုးသားမှုရှိတဲ့ လူတယောက်ပါ။ ဒီလိုလူမျိုးက မြေအောက်အဆောက်အဦကို တည်ဆောက်မိဖို့ လိုပါတယ်။

ဒါပေမယ့် အဲဒီအရာရှိ လာပြီဆိုတာနဲ အချိန်နဲ့ စွမ်းအားတွေ အများကြီးသုံးပြီး၊ အစစ်အမှန်နဲ့ စိတ်ကူးယဉ်မှုကို ခွဲခြားနိုင်ရမယ်။ အလုပ် ဖြစ်တဲ့ အဖွဲ့အစည်းတခု ဖြစ်လာ အောင် ကြိုးပမ်းရမယ်။

ဆာမာဆီယာတိုက်ပွဲကြီးကို လူတွေ မမေ့ကြသေးပေမယ့် တကယ် အသက် စွန့်လုပ်သွားတဲ့သူကတော့ သိပ်မများလှပါဘူး။ ဒါကြောင့် သင့်လူများနဲ့ သင်ကိုယ်တိုင်ရဲ လုံခြုံရေးကို သတိထားဖို့လိုပါတယ်။ မြေအောက်လုပ်ငန်းကို စတာနဲ့ ကြုံရတတ်တာက အခြေခံ ပြင်ဆင်ရေးလုပ်ငန်းတွေကို မလုပ်နိုင် တော့ တာပါ။ ဘာဘဲဖြစ်ဖြစ် ခုလို အခြေခံသတိမူ ရမယ့် အချက်တွေကို မလုပ်မိတာဟာ လူထုကြီးရဲ့ မျှော်မှန်းချက်ကို အချိန်မီ ဖြည့်ဆည်းမပေးနိုင်တာထက် အန္တရာယ်ပိုများပါတယ်။ ပြည်သူလူထုနဲ့ တသွေးတည်းတသားတည်း ရှိကြောင်းပြတာကို ဘယ်ပုံစံနဲ့မဆို မြေအောက်အဖွဲ့အစည်းကနေကြို ဆိုသင့်ပါတယ်။ တိတ်ဆိတ်နေတဲ့ လူများစုကြီးက ကျနော်တို့နဲ့အတူ ရှိနေတယ်ဆိုတဲ့ပုံစံ ဖြစ်ဖို့လည်းလိုပါတယ်။ ဒါပေမယ့် သူတိုကိုတော့ ဒီလို လျှို့ဝှက်လုပ်ငန်းထဲ ဆွဲမသွင်းပါနဲ့။ မျိုးချစ်စိတ်ဓါတ်အကြောင်း ရေးထားတဲ့

ဝတ္ထုတွေမှာသာ ဒါမျိုးကို တွေ့ရပါလိမ့်မယ်။

မြေအောက်တော်လှန်ရေးသမားတွေ ကြုံရလေ့ရှိတဲ့ အခြေခံအမှား(၂)ခုရှိတယ်။ ပထမတခုက ကိုယ့်ကိုယ်ကို ကြီးကျယ်အောင်လုပ်တာ။ ကြီးကျယ်တယ်လို့ထင်နေတာ။ မြေအောက်တော်လှန်ရေးသမားမှာ ဒီရောဂါစွဲကပ်သွားရင် လူထုထောက်ခံမှုကိုဆုံးရှုံးရတော့မယ်။ နောက်အမှားက "အမှန်တကယ် စွန့်စွန့်စားစားလုပ်ဖို့ ပြင်ဆင်ထားတဲ့ သူက အနည်းစုလေးဘဲ ရှိတာကိုမေ့ပြီးလူထုကို အရမ်းထင်ထားတာ" ဖြစ်တယ်။ မြေအောက်အစုဟာ ကုသိုလ်ဖြစ်အဖွဲ့အစည်းမဟုတ်ပါ။ ပိုင်းဖြတ်မှုရှိတဲ့ လူတရာက တဝက်တပျက်သာ စိတ်ဝင်စားတဲ့ လူတယောက်ရဲ့ စေသည့်ကျွန်၊ ထွန်သည့်နွား၊ ဖြစ်ရန်မလိုပါ။ သူတို့ဟာ ဘယ်လောက်ဘဲရိုးသားသည် ဖြစ်စေ၊ သူတို့ရဲ့ စည်းစိမ်ဥစ္စာကိုတော့ မစွန့်လွှတ်လိုပါ။ သူတို့မှုက "ခင်ဗျားတို့က ဂုဏ်သိက္ခာနဲ့နေတယ်၊ ကျနော်တို့က ဇိမ်နဲ့နေမယ်"

( တနှစ်လေးကြိမ်ထုတ်ဝေသော
နယူး–ဘရန်ဝစ်ခ် ယူနီဗာစီတီ၏ (၁၉၈၆)ခုနှစ်
မိုးဦးကျထုတ် "ဝိရောဓိ"" စာစောင်မှ
" The Little Conspirator " အား ဘာသာပြန်ဆိုထားသည့် "ပုန်ကန်သူလေး" ဆောင်းပါးမှ ရဟန်းရှင်လူ ကျောင်းသားပြည်သူများအတွက် စစ်အာဏာရှင်စနစ် အမြစ်ပြုတ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး လှုပ်ရှားမှုတွင်လျှို့ဝှက်လုပ်ငန်းများ လုပ်ဆောင်ရာ၌ အသုံးပြုနိုင်စေရန် ထုတ်နုတ်ဖော်ပြပါသည်။ အယ်ဒီတာ။ )

# ကွန်ရက် (Network) နှင့် ကွန်ရက်စနစ် (Networking) အကြောင်း မိတ်ဆက်ချက်။

အခန်း (၁)

## ကွန်ရက်(Network) နှင့် ကွန်ရက်စနစ်(Networking) တည်ဆောက်ခြင်းလုပ်ငန်းများ အဘယ်ကြောင့်လိုအပ်သနည်း ။

## ကွန်ရက်စနစ် (Networking) ကို မည်သို့ နားလည်ကြမည်နည်း။

ကွန်ရက်စနစ် (Networking) သည် မတူသည့်နယ်ပယ်အလိုက် အဓိပ္ပါယ်သတ်မှတ်ချက်များ ကွဲပြားခြားနားသည်။ ဥပမာ – မီဒီယာနယ်ပယ်၌ အဓိပ္ပါယ်တမျိုး၊ ကွန်ပြူတာလုပ်ငန်းများတွင် အဓိပ္ပါယ်တမျိုးစီးပွားရေးလုပ်ငန်းများတွင် အဓိပ္ပါယ်တမျိုး၊ နိုင်ငံရေးလုပ်ငန်းများတွင် အဓိပ္ပါယ်တမျိုး ...... စသဖြင့် ကွဲပြား ခြားနားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ယေဘူယျအားဖြင့် ကွန်ရက်စနစ်(Networking)ဆိုသည်မှာ လုပ်ငန်းတူ လုပ်ကိုင်ဆောင်ရွက်သူအချင်းချင်း ဆက်သွယ်သည့် စနစ်ကိုခေါ်ပါသည်။

နိုင်ငံရေးနယ်ပယ်တွင် ကွန်ရက်စနစ် (Networking) တည်ဆောက်ခြင်းကို ကလပ်စည်း(Cell)တည်ဆောက်ခြင်း၊ အစုအဖွဲ့ (Fraction) တည်ဆောက်ခြင်း ဆိုပြီးတော့လည်း ခေါ်ဝေါ်သုံးစွဲကြသည်။ အဓိပ္ပါယ်နှင့် အနှစ်သာရ ကွဲပြားခြားနားမှုမရှိပါ။ နိုင်ငံရေးလုပ်ငန်းစဉ်များကို စနစ်

တကျနှင့် စီမံကိန်းရှိရှိ၊ ခြေလှမ်းရှိရှိ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ကွန်ရက်များ၏ အတွင်းသဘောမှာ အောက်ခြေအဖွဲ့အစည်းများနှင့် အခြေခံလူထု၊ လူတန်းစားအဖွဲ့အစည်းများကို နိုင်ငံရေးအရ ခေါင်းဆောင်ပေးသည့် အခြေခံယူနစ် (အဖွဲ့အစည်း ) များဖြစ်ကြသည်။

ကွန်ရက်စနစ် (Networking) တည်ဆောက်ခြင်းဆိုသည်မှာ နိုင်ငံရေးပါတီတခု၊ အဖွဲ့အစည်းတခု တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး ပါတီ၊အဖွဲ့အစည်း တည်ဆောက်ရေးလုပ်ငန်းတခုဖြစ်သည်။ ကြံ့ခိုင်သည့် နိုင်ငံရေးပါတီတခု၊ အဖွဲ့အစည်းတခု အဖြစ်ရပ်တည်နိုင်ရေး၊ ကြီးထွားစေရေးတို့တွင် မိမိတို့၏ ပါတီ၊ အဖွဲ့အစည်းဆိုင်ရာ ကွန်ရက်စနစ်များ မည်သို့တည်ဆောက်ထားသနည်း၊ ကွန်ရက်များကို မည်သို့နေရာချထားသနည်း ဆိုသည့် အချက်များကလည်း အရေးပါသည့် အချက်တခုအဖြစ်ပါဝင်သည်။

နိုင်ငံတခုတွင် တရားဝင်သော နိုင်ငံရေးပါတီများတွင်ဖြစ်စေ၊ တရားမဝင်သော နိုင်ငံရေးပါတီများတွင်ဖြစ်စေ မိမိတို့၏ နိုင်ငံရေးပါတီ များကို တည်ဆောက်ကြရာတွင် ကွန်ရက်များတည်ဆောက်ခြင်းနှင့် ကွန်ရက်ချင်းဆက်သွယ်မှုစနစ်ကို မုချကျင့်သုံးကြရသည်။ ကွန်ရက်စနစ်များ မရှိလျှင်၊ မတည်ဆောက်နိုင်လျှင် အဆိုပါ ပါတီများသည့် ရေရှည်မရပ်တည်နိုင်၊ တဖြေးဖြေးချင်း ဆုတ်ယုတ်ပျက်စီးလာကာ နောက်ဆုံး ပါတီ၊အဖွဲ့ အစည်းများပင် ပျောက်ကွယ်သွားသည့် အန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ရင်ဆိုင်ရနိုင်သည်။

နိုင်ငံရေးပါတီတခုတည်တန့်ခိုင်မြဲရေး၊အင်အားကြီးထွားရေးအတွက် ကွန်ရက်စနစ် (Networking) တည်ဆောက်ရေးကြံ့ခိုင်ဖို့ လိုအပ်သည်။ ကွန်ရက်စနစ် (Networking) အားကောင်းမှ၊ ကွန်ရက်များ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်ထားနိုင်မှ ဆန့်ကျင်ဖက်အင်အားစုကို ပြန်လှန် တိုက်ခိုက်နိုင်ပြီး၊ မိမိအင်အားကို ဆက်လက်ထိန်းသိမ်းနိုင်မှာဖြစ်

သည်။ ထိုအပြင် မိမိအင်အားကိုလည်း တိုးပွားအောင်လုပ်နိုင်မှာဖြစ်သည်။ ကွန်ရက်စနစ် (Networking) မရှိလျှင် နိုင်ငံရေးပါတီတရပ်အဖို့ အင်အားကြီးထွားဖို့ မဆိုထား နှင့် မိမိကိုယ်ကို ရပ်တည်နိုင်ဖို့ တောင်မလွယ်ကူပါ။

နောက်ထပ်သတိပြုစရာ တခုကိုလည်း တင်ပြလိုပါသည်။ ခေတ်အဆက်ဆက်တွင် အုပ်စိုးသူလူတန်းစားတိုင်းသည် ၎င်းတို့၏ အာဏာခိုင်မြဲရေးနှင့် တိုးပွားကျယ်ပြန့်ရေးအတွက် ကွန်ရက်များနှင့် ကွန်ရက်တည်ဆောက်ရေးလုပ်ငန်းကို ပုံစံအမျိုးမျိုးဖြင့် ဖွဲ့တည်တတ်သည်။ ပြီးတော့ အာဏာဖြင့် တည်ဆောက်ထားသည်။ ပြိုင်ဖက်များ၏ ကွန်ရက် များကို အကြမ်းနည်း၊ အနုနည်းများဖြင့် ချေမှုန်းဖျက်ဆီးတတ်သည် ဆိုတာကိုလည်း လုံးဝမေ့ထား၍မဖြစ်ပေ။

ထို့ကြောင့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းတိုင်းသည်လည်း မိမိတို့၏ ကွန်ရက်နှင့်ကွန်ရက်စနစ်(Networking)တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး အထူးအလေးထား ဆောင်ရွက်သင့်သည်။ ဆောင်ရွက်ကြရမည်။

## ၁

ဗမာပြည်လူအဖွဲ့အစည်းကို ကြည့်မည်ဆိုလျှင် လူမျိုးပေါင်းစုံပြည်သူလူထု အများအပြားဖြင့် ဖွဲ့တည်ထားသည်။ လူမျိုးစုံပြည်သူများတွင်လည်း၊ လူတန်းစား လူအလွှာများဖြင့် ကွဲပြားခြားနားနေပေသည်။ မတူတဲ့လူမျိုးများအလိုက်၊ မတူတဲ့လူတန်းစား၊ လူ့အလွှာအလိုက် မိမိ တို့ ကိုယ်စားပြုသည့် နိုင်ငံရေး ပါတီအဖွဲ့အစည်းအသီးသီးရှိကြသည်။ မျက်မှောက်ဗမာပြည်နိုင်ငံရေးတွင် ၈–လေးလုံးအရေးတော်ပုံပြီးနောက် –

(က) ဥပဒေတွင်း နိုင်ငံရေး ပါတီများအုပ်စု

(ခ) ဥပဒေပ နိုင်ငံရေး ပါတီများအုပ်စု

(ဂ) ဥပဒေတွင်းလည်းမဟုတ်၊ဥပဒေပလည်းမဟုတ်သည့်နိုင်ငံရေး ပါတီ၊ အဖွဲ့အစည်းများအုပ်စုဆိုပြီး ... အကြမ်းအားဖြင့် (၃)မျိုးကွဲနေပေသည်။ ထိုနိုင်ငံရေးပါတီ အုပ်စုအသီးသီးသည် မျက်မှောက် ဗမာပြည်ကို

အုပ်စိုးနေသော စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရကို မတူသည့် နိုင်ငံရေးအဆင့်နေရာ အနေအထားအရ ဆန့်ကျင်ကန့်ကွက်လျက်၊ တော်လှန်လျက်ရှိသည်။

ဦးစွာအားဖြင့် ယခုတည်ရှိနေဆဲ ဥပဒေတွင်းနိုင်ငံရေးပါတီ၊ အဖွဲ့ အစည်းများသည် မိမိတို့၏ နိုင်ငံရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အုပ်စိုးသူက ခွင့်ပြု သတ်မှတ်ထားသည့် ဥပဒေဘောင်နှင့် ဒီမိုကရေစီဘောင် အတွင်းကသာ လုပ်ကိုင်ဆောင်ရွက်ကြရသည်။

မျက်မှောက်ကာလတွင် အုပ်စိုးသူက စစ်အာဏာရှင်စနစ်ကို ကျင့်သုံးပြီး အုပ်ချုပ်နေ၍။ ဒီမိုကရေစီအခွင့်အရေး ဆိုသည်မှာလည်း ထို အုပ်စိုးသူအတွက်သာလျှင်ရှိနိုင်မည်။ ထိုနိုင်ငံရေးအခြေအနေအောက်တွင် ပြည်သူလူထုသည် မိမိတို့၏ ဒီမိုကရေစီအခွင့်အရေးများကို ဖော်ထုတ်ခဲ့၊ တောင်းဆိုခဲ့၊ တိုက်ပွဲဝင်ခဲ့ကြသည်။ ဒီမိုကရေစီ စတင်ဆိတ်သုဉ်းခဲ့သည့် (၁၉၄၈) ခုနှစ်မှစ၍နှစ်ပေါင်း(၆၀) အတွင်းတွင် ပြည်သူများ၏ ဒီမိုကရေစီရေး တောင်းပွဲ၊ တိုက်ပွဲသည် စဉ်ဆက်မပြတ်ရှိခဲ့သည်။ ပြည်သူ လူထု၏ ဒီမိုက ရေစီရေးတိုက်ပွဲတိုင်းကိုလည်း အုပ်စိုးသူအစိုးရတိုင်းက အင်အားသုံးပြီး ရက်ရက်စက်စက် ခြေမှုန်းခဲ့သည်။ ခြေမှုန်းရန်အတွက် နေ့ ည မပြတ် ပြင်ဆင်လျက်ရှိသည်။

ဥပဒေတွင်း ဒီမိုကရေစီရေးတိုက်ပွဲများတွင် မည်သည့်နိုင်ငံရေး အင်အားစုမဆို မိမိအင်အားများကို စုဖွဲ့ပြီးမှ မိမိတို့ရဲ့ နိုင်ငံရေးလုပ်ငန်း များကို လုပ်ဆောင်ကြရသည်။ လူထုကိုစည်းရုံးလှုံ့ဆော်ပြီးမှ မိမိတို့ ဆန္ဒတွေဖော်ထုတ်တာ၊ အခွင်အရေးတွေ တောင်းဆိုတာ၊ ဒီမိုကရေစီရေး တိုက်ပွဲဆင်နွဲတာတွေလုပ်ကြရသည်။ ဥပဒေတွင်းတိုက်ပွဲတိုင်းသည် မြေ ပေါ်နိုင်ငံရေးတိုက်ပွဲ ပုံသဏ္ဍာန်ဖြစ်သည်။ သို့သော်မြေပေါ်တိုက်ပွဲသဏ္ဍာန် တိုင်းသည်ဥပဒေတွင်းတိုက်ပွဲသာမက၊ဥပဒေပတိုက်ပွဲ(အုပ်စိုးသူချ မှတ်ထားတဲ့တည်ဆဲဥပဒေကိုဆန့်ကျင်ပြီးတိုက်ပွဲဝင်ခြင်း)များလည်း ဆင်နွဲတာမျိုး ဖြစ်နိုင်သည်။ မြေပေါ်နိုင်ငံရေး တိုက်ပွဲသဏ္ဍာန်သည် အကြမ်း

မဖက်တိုက်ပွဲသဏ္ဍာန် စစ်စစ်ဖြစ်သည်။

ယေဘူယျအခြေအနေ (ဒီမိုကရေစီအခွင့်ရေး တစုံတရာရှိသည့် နိုင်ငံရေးအခြေအနေ) တွင် မြေပေါ် (ဥပဒေတွင်း) ပါတီ၊ အဖွဲ့အစည်း များသည် မိမိတို့၏ ......

–နိုင်ငံရေးလုပ်ငန်းစဉ်များကို လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့် ရှိရမည်။

–လွတ်လပ်စွာ စည်းရုံးလှုံ့ဆော်ခွင့်ရှိရမည်။စည်းရုံးလှုံ့ဆော်သည့် အခါ ပြောင်(အတိအလင်း) လုပ်ဆောင်ခွင့်ရှိရမည်။

–လူတဦးချင်း သို့မဟုတ် လူတစု သို့မဟုတ် လူထုသည် မိမိတို့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများ၊ ရပိုင်ခွင့်များကို ဖော်ထုတ်ခြင်း၊ တောင်းဆိုခြင်း၊ တိုက်ပွဲဝင်ခြင်း စတာတွေကို ပြောင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။

–အစိုးရလုပ်ရပ်များကို ဝေဖန်ခြင်း၊ ဖွင့်ချခြင်း၊ ဆန့်ကျင်ခြင်း၊ ကန့်ကွက်ခြင်းများကိုလည်း ပြောင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ရှိရမည်။

အထက်ပါ နိုင်ငံရေးလုပ်ငန်းစဉ်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့သည် မိမိတို့၏ ကွန်ရက်များ သို့မဟုတ် ကလပ်စည်းများ သို့မဟုတ် အစုအဖွဲ့များကို လူထု၊ လူတန်းစားများအတွင်း၌ စနစ်တကျ ဖွဲ့စည်းပြီး လုပ်ကိုင်ဆောင်ရွက်ကြရသည်။

သို့သော် ယခုအခါ၌မူ မြေပေါ်နိုင်ငံရေးအခြေနေ၊ ဥပဒေတွင်း နိုင်ငံရေးအခြေအနေက ခွင့်ပြုထားသလောက်သာ မိမိတို့၏ကွန်ရက်များကို တည်ဆောက်နိုင်မည်သာဖြစ်သည်။ နိုင်ငံရေးပါတီများ လွတ်လပ်စွာ လှုပ်ရှားခွင့် ရှိလျှင်ရှိသလို မိမိတို့၏ ကွန်ရက်များလည်း ဖြန့်ကျက်နိုင်စေရမည်။ ကွန်ရက်များ မတည်ဆောက်နိုင်လျှင် မိမိတို့နိုင်ငံရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုတွင် အခက်အခဲကြီးနိုင်သည်။ နောက်ဆုံးတွင် နိုင်ငံရေးလုပ်ငန်းစဉ်များ မအောင်မြင်သည့် အဖြစ်ဆိုးဖြင့်လည်း ရင်ဆိုင်ရနိုင်သည်။

မြေပေါ်ပါတီ၊ အဖွဲ့အစည်းများသည် မြေပေါ်နိုင်ငံရေးလှုပ်ရှားမှုများအတွက် ကွန်ရက်များတည်ဆောက်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရမည်။ ကွန်ရက်များတည်ဆောက်ထားနိုင်မှသာလျှင် ပါတီ၊ အဖွဲ့အစည်းများ၏ နိုင်ငံရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ လုပ်ကိုင်ဆောင် ရွက်နိုင် မည်ဖြစ်သည်။ မြေပေါ်နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်ရာတွင် နည်းနာမျိုးစုံဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။ ဥပမာ – တဦးချင်း သို့မဟုတ် လူတစုဖြင့် သို့မဟုတ် လူထုနည်းဖြင့် ဆန္ဒဖော်ထုတ်ခြင်း၊ ဝါဒဖြန့်စည်းရုံးလှုံ့ဆော်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ လက်မှတ်ထိုး ဆန္ဒဖော်ထုတ်ခြင်း၊ အရောင်အမျိုးမျိုးဖြင့် ဆန္ဒဖော်ထုတ်ခြင်း၊ ဘုရားတက် ဝတ်ပြုဆုတောင်းခြင်း၊ စီတန်းလှည့်လည်ဆုတောင်းခြင်း၊ စက်ရုံအလုပ်ရုံများတွင် အလုပ်သမားများက မိမိတို့ အခွင့်အရေးများကို တောင်းဆိုတိုက်ပွဲဝင်ခြင်း၊ သပိတ်တိုက်ပွဲဆင်နွှဲခြင်း၊ ကျောင်းသားများကလည်း မိမိတို့၏ အခွင့်အရေး၊ ရပိုင်ခွင့်များကို တောင်းဆိုတိုက်ပွဲဝင်ခြင်း၊ အစိုးရဥပဒေတွင်းမှ တိုက်ပွဲဆင်ခြင်း –အခါအားလျော်စွာ အစိုးရက ကျင်းပပြုလုပ်ပေးသည့် ရွေးကောက်ပွဲများတွင် ဆန့်ကျင်ခြင်း/ ကန့်ကွက်ခြင်း၊ ဆန္ဒခံယူပွဲများကို ထောက်ခံခြင်း/ကန့်ကွက်ခြင်း – ... စသည်တို့ဖြစ်သည်။ ထိုအပြင် မြေပေါ်နိုင်ငံရေး လှုပ်ရှားမှုကို ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်နိုင်သကဲ့သို့ ပြည်ပမှာလည်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ဥပမာ – သံတမန်ရေးရာလုပ်ငန်းများ၊ သံရုံးများတွင် ဆန္ဒပြခြင်း၊ ဆုတောင်းပွဲများပြုလုပ်ခြင်း၊ လော်ဘီလုပ်ခြင်း ... စသည်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

(နောက်တပတ် ဆက်လက်ဖော်ပြမည်။)

(ကျောင်းသားသမဂ္ဂများနှင့် လူထုလူတန်းစားအဖွဲ့အစည်း အသီးသီးအတွက် လျှို့ဝှက်လုပ်ငန်းများလုပ်ဆောင်နိုင်ရန် မြေအောက်လုပ်ငန်းဘာသာရပ်စာပေများကို ပုံမှန် ဖော်ပြသွားပါမည်။ အယ်ဒီတာ။ )

## ဗကသများအဖွဲ့ချုပ် ညီလာခံနှင့် ဗကသများ အဖွဲ့ချုပ်သီချင်း

ဗကသများအဖွဲ့ချုပ် ညီလာခံများကို ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)တို့လက်ထက်မှစ၍ အစဉ်တစိုက် ကျင်းပလာခဲ့ရာ ၁၉၆၀ ခုနှစ်တွင်ကျင်းပခဲ့သော (၆)ကြိမ် မြောက်ညီလာခံနောက်ပိုင်း ဆက်လက်ကျင်းပနိုင်ခြင်း မရှိသေးပါ။

၁၉၈၈ ခုနှစ် ဩဂုတ်စ်လ (၂၈) ရက်နေ့တွင် ကိုမင်းကိုနိုင်ဦးဆောင်သည့် ကျောင်းသားခေါင်းဆောင်များက ကျောင်းသားထုအစည်းအဝေးခေါ်ပြီး၊ ဗကသများအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းခဲ့ကာ၊

၂၀၀၇ ခုနှစ် ဩဂုတ်စ်လ (၂၈)ရက်နေ့တွင် ကိုကျော်ကိုကို ဦးဆောင်သည့် ကျောင်းသား ခေါင်းဆောင်များက ဗကသများအဖွဲ့ချုပ်အလံကို ဆက်လက် စွဲကိုင်ခဲ့ကြသည့် အမှတ်တရအဖြစ် ---

၁၉၆၀–ခုနှစ်၊ အောက်တိုဘာ(၂၀)ရက်နေ့မှ (၂၄) ရက်နေ့အထိ (၅)ရက်တိုင်တိုင် ကျင်းပခဲ့သော “၆–ကြိမ်မြောက် ဗကသများအဖွဲ့ချုပ် ညီလာခံကြီး”အတွက် ရည်ရွယ်၍ အသစ်စပ်ဆိုခဲ့သည့် “အောင်ပွဲအဆက်ဆက်ခံဦးမည်” ဗကသများအဖွဲ့ချုပ်သီချင်းကို ပြန်လည်ဖော်ပြပါသည်။

## ——— အောင်ပွဲအဆက်ဆက်ခံဦးမည် ———

"...ငါတို့ကျောင်းသား...ပေါင်းစည်း လို့
ညီရမည်... အမျိုးသားရေးကို ကြိုးဆိုဖို့ရည်...
... ဒီမိုကရေစီ ပညာရေးအတွက်ညီ...
ဒို့အသား... ဒို့အသွေး... စတေးလှူမည်..."

"...ဟေး...ညီညီညာညာ... ငြိမ်းချမ်းရေး
ထိန်းသိမ်းမည်၊ နယ်ချဲ့ရန်ကို တွန်းဖြိုမည်...
ကျောင်းသားအသိနဲ့... ကျောင်းသား
အခွင့်တင်ပြမည်
... သွေးစည်းလို့ပင်... ရာဇဝင် အခန်းဆက်ရှည်...
ဗကသများ... အဖွဲ့ချုပ်ဦးဆောင်...
... အောင်ပွဲဆက်ဆက်... ခံဘူးသည်..."

"...ဟေး... ညီညီညာညာ... ငြိမ်းချမ်းရေး
ထိန်းသိမ်းမည်
ကျောင်းသားအသိနဲ့... ကျောင်းသား
အခွင့်တင်ပြမည်
... သွေးစည်းလို့ပင်... ရာဇဝင် အခန်းဆက်ရှည်...
ဗကသများ... အဖွဲ့ချုပ်ဦးဆောင်...
... အောင်ပွဲဆက်ဆက်... ခံဦးမည်..."

သမဂ္ဂ စိတ်ဓာတ်

လေ့လာရေးစာစောင် အမှတ် (၁)